# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ–၅၄)


၁၃၈၇ ခုနှစ်၊ တပေါင်းလကွယ်နေ့ | ၂၀၂၆ ခုနှစ်၊ မတ် ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၆၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဧယျာဝတီရိမ်ဆန္ဒနယ်မှ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း တို့အား ရွေးကောက်တင်မြှောက်

နေပြည်တော် မတ် ၁၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ခြင်း ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ကြရာ သဘာပတိလောင်းအဖြစ် တင်မြှောက်ရန် အမည်စာရင်းတင်သွင်းသူ နှစ်ဦးရှိသည့်အတွက် လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ရာ မဲအများဆုံးရရှိသည့် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒကျော်စွာကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




❖ ရှေ့ဖုံးမှ

ထို့နောက် သဘာပတိ ဒေါက်တာနန္ဒကျော်စွာက ပြည်သူ့လွှတ်တော်၏ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**စတင်ကျင်းပ**

ယင်းနောက် သဘာပတိက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တင်မြှောက်**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးခင်ရီ တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းက ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၁)အရ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးခင်ရီအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတင်မြှောက်**

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ရာ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပိုက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေက ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၃)အရ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်းအား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးခင်ရီနှင့် ဦးမောင်မောင်အုန်းတို့ ကတိသစ္စာပြုကြစဉ်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးခင်ရီနှင့် ဦးမောင်မောင်အုန်းတို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကို တာဝန်လွှဲအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**(ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေးကြေညာ သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။





တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၆**

မတ် ၁၇ ရက်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာရရှိကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝလျက် ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။



ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား ကျွန်တော့်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက် ပေးခဲ့ကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံးကို အထူးကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းနှင့် ကျွန်တော့်ဘဝရဲ့ တစ်သက်တာအမှတ်တရအဖြစ် ရင်ဝယ်လေးစားစွာ သိမ်းဆည်းထားပါကြောင်း ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဒီနေ့ဟာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးတဲ့အတွက် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင်းတသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ပြည်သူ့ဆန္ဒနဲ့အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်လာတဲ့ သမိုင်းမှတ်တမ်းတင် ဂုဏ်ယူစရာနေ့တစ်နေ့လည်း ဖြစ်ပါတယ်။

ကိုယ်စားလှယ်များက ကျွန်တော့်ကို ယုံကြည်စွာ တာဝန်အပ်နှင်းမှုအပေါ် အလေးအနက်ခံယူပြီး ဒီတာဝန်ကို ကျေပွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနဲ့အညီ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း အလေးအနက်ထား ကတိပြုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပွင့်ပွင့်လင်းလင်းနဲ့ ဒီမိုကရေစီကျင့်စဉ်အတိုင်း တက်ညီလက်ညီ ဝိုင်းဝန်းဖော်ဆောင်သွားကြစေလိုပါတယ်။ ဒါ့အပြင် သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အားလုံးနဲ့အတူ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ် တစ်နည်းပြောရရင် ပိုမိုခိုင်မာပြည်မြန်မာကြီးကို ဖော်ဆောင်ပေးနိုင်မယ်လို့ အလေးအနက် ယုံကြည်ပါကြောင်းလည်း ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့အချုပ်အခြာ မဏ္ဍိုင်သုံးရပ်အနက် ဥပဒေပြုရေး မဏ္ဍိုင်သည် လွှတ်တော်၏ အဓိကတာဝန်ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်အာဏာမဏ္ဍိုင်သုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုရမှာဖြစ်ပြီး ပြည်သူကို ကိုယ်စားပြုခြင်းကိုလည်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံရေးရည်မှန်းချက်၊ ခေတ်စနစ်အခြေအနေများနဲ့ ကိုက်ညီမှုရှိစေရန်ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနဲ့အညီ ပြည်သူများနဲ့ ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စား ဖော်ဆောင်ပေးရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်သကဲ့သို့ နိုင်ငံတော်နဲ့ပြည်သူ့ကောင်းကျိုးအတွက် လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကိုလည်း ပြည်သူများ နားလည်သဘောပေါက်စေရန် ပြန်လည်မျှဝေပေးရမှာက လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ပဲဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

အချုပ်အားဖြင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်တဲ့နေရာမှာ နိုင်ငံတော်နဲ့ ပြည်သူလူထု၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering and Combating the Financing of Terrorism-AML/CFT) ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး(AML/CFT) ဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနအလိုက် ပိုမိုထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ AML/CFT ဆိုင်ရာ လုပ်ငန်းစဉ်သည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး တရားမဝင်ငွေကြေးများကို တရားဝင်ဘဏ်လုပ်ငန်းစနစ် အသုံးချပြီး ငွေလွှဲပြောင်းခြင်း၊ နေရာချထားခြင်း ဆောင်ရွက်ခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှု၊ ငွေရေးကြေးရေးကဏ္ဍ ခိုင်မာမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ထိခိုက်စေနိုင်ကြောင်း၊ ကြီးကြပ်မှုအာဏာပိုင်များနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် အလေးထား ကြီးကြပ်ဆောင်ရွက်ပြီး ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကြီးကြပ်ကွပ်ကဲသူများအနေဖြင့် AML/CFT ဆိုင်ရာ ကြီးကြပ်ရေးလုပ်ငန်းစဉ်များကို စနစ်တကျသိရှိမှသာ ထိထိရောက်ရောက် ကြီးကြပ်ကွပ်ကဲနိုင်မည်ဖြစ်သကဲ့သို့ သတင်းပို့အဖွဲ့အစည်းများအနေဖြင့်လည်း AML/CFT ဆိုင်ရာ တာဝန်များဖြစ်သည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှု၊ သတ်မှတ်ပမာဏထက်ကျော်လွန်၍ ငွေကြေးလွှဲပြောင်းမှုများကို စိစစ်ပြီး သတင်းပို့ချက် အစီရင်ခံစာများ ပေးပို့ခြင်း လုပ်ငန်းစဉ်များကို အချိန်မီဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ပို့ချသည့် ဘာသာရပ်များအပေါ် အထူးအလေးထားသင်ယူကြရန်နှင့် မိမိတို့တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းနယ်ပယ်များတွင် အကျိုးရှိရှိနှင့် လက်တွေ့အသုံးချကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်



**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)မှ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း(၁/၂၀၂၆)ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က နောက်ဆက်တွဲ စောင့်ရှောက်ရေး လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော အရပ်ဘက်အသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါသင်တန်းကို မတ် ၁၆ ရက်မှ ၂၀ ရက်အထိ သင်တန်းသားသင်တန်းသူ ၂၃ ဦးအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၆ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ မတ် လ ၁၆ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ – ၂ – ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် –

(က) **ကရင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၇၂၃၈ | **အစား** | ကြည်း ၃၂၈၃၅ |
| ဗိုလ်မှူးကြီး မင်းသူကျော် | | ဗိုလ်မှူးကြီး စိုးမိုးဝင်း |

(ခ) **ရှောဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၀၁၀၇ | **အစား** | ကြည်း ၃၀၃၃၉ |
| ဗိုလ်မှူးကြီး ခန့်မွန်ဆွေ | | ဗိုလ်မှူးကြီး စိုးမင်းဦး |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက် အတန်းတင်စာမေးပွဲများ ကျင်းပ

**နေပြည်တော် မတ် ၁၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက် အတန်းတင်စာမေးပွဲများကို ယနေ့စတင်ကျင်းပသည်။

စာမေးပွဲများကျင်းပရာသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နေ၁ဓိဉာဏ အမှူးပြုသော ဌာနကြီးမှူးဆရာတော်များ၊ ပါမောက္ခဆရာတော်များ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများက ကြွရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အတန်းတင်စာမေးပွဲများသို့ ပြည်တွင်းပြည်ပ သင်တန်းသား သင်တန်းသူ ၂၉၈ ပါး/ဦး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲကာလမှာ မတ် ၁၆ ရက်မှ ၂၆ ရက်အထိ (ရုံးပိတ်ရက်များမပါ) ကိုးရက်ကြာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၂/ ၂၀၂၆) အစည်းအဝေး ကျင်းပ





**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ စီးပွားရေးတွင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရလဒ်ကောင်းများဖြစ်ပေါ်စေရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီ အလေးထား ဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများအား ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကောင်းများရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ကာ ကာလတို ကာလလတ် အစီအမံများချမှတ်၍ ဖိတ်ခေါ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေမှုများနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ဈေးကွက် စီးပွားရေးစနစ်ဖြစ်သည့်အတွက် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် အားလုံး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် ပတ်သက်၍ အတည်ပြုမိန့် တင်ပြလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ထပ်မံတိုးမြှင့်ထုတ်လုပ်ခွင့် တင်ပြလာခြင်း လျှောက်ထားလာမှုများကို ရှင်းလင်းတင်ပြပြီး ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်စွက်ဆောင်ရွက်ပေး၍ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁ / ၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**ထားဝယ် မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁ /၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများအား အရှိန်အဟုန်မြှင့်လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် ခွင့်ပြုခဲ့သည့်



ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အမှတ် (၁၈/OSS)၊ ထီးခီးကျေးရွာ၊ အမြားကျေးရွာအုပ်စု၊ ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး အတွင်း ဟိုတယ်နှင့် အပန်းဖြေစခန်းတည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော Diamond Htee Khee Co., Ltd. ၏ တည်ဆောက်ရေးကာလ ဒုတိယအကြိမ် ထပ်မံတိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ရှင်းလင်း ဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လေထုအရည်အသွေးကောင်းမွန်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့

■ ဒေါက်တာကြူကြူစိန် (မိုး / ဇလ)

လေထုညစ်ညမ်းမှုဆိုသည်မှာ သန့်ရှင်းသော လေထုအတွင်း သာမန်မျက်စိဖြင့် မမြင်နိုင်သည့် အမှုန်အမွှားများ (Particulate Matter – PM, $PM_{10}$, $PM_{2.5}$)၊ စက်ရုံ၊ အလုပ်ရုံနှင့် မော်တော်ကားများမှထွက်ရှိလာသည့် ကာဗွန်မိုနောက်ဆိုက် (CO)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ($NO_2$)၊ ဆာလဖာဒိုင်အောက်ဆိုက် ($SO_2$)နှင့် အိုဇုန်း($O_3$) ကဲ့သို့သော ဓာတ်ငွေ့များပါဝင်နေသည့်အခြေအနေကို ဆိုလိုပါသည်။

လေထုညစ်ညမ်းမှုတွင် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု (Ambient/Outdoor Air Pollution) နှင့် အိမ်တွင်း၊ ရုံးတွင်းနှင့် အဆောက်အအုံများအတွင်း လေထုညစ်ညမ်းမှု (Indoor Air Pollution) ဟူ၍ နှစ်မျိုးရှိပါသည်။ စက်ရုံ၊ အလုပ်ရုံနှင့် မော်တော်ကားများမှထွက်လာသည့် အခိုးအငွေ့များ၊ စက်မှုထွက်ကုန်များမှ စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေး/တောင်ယာ လုပ်ငန်းများမှ ကောက်ရိုး/ရိုးပြတ်များ၊ အမှိုက်များမီးရှို့ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းမှထွက်လာသည့် အခိုးအငွေ့များနှင့် အခြားနေရာဒေသများမှ လေပြင်းတိုက်ခတ်မှုနှင့်အတူ လွင့်မျောပါလာသည့် သဲမှုန့်၊ ဖုန်မှုန့်နှင့် အမှုန်အမွှားလေးများကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကိုဖြစ်စေပါသည်။ ထင်း၊ မီးသွေးနှင့် လောင်စာများကို အိမ်တွင်း၊ ရုံးတွင်းနှင့် အဆောက်အအုံများအတွင်း အသုံးပြုခြင်းဖြင့် အခန်းတွင်းလေထုညစ်ညမ်းမှုကို ဖြစ်စေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO)မှ ၂၀၁၉ ခုနှစ် စစ်တမ်းကောက်ယူချက်များအရ ကမ္ဘာ့လူဦးရေ၏ ၆ ဒသမ ၇ သန်းခန့်သည် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနှင့် အခန်းတွင်းလေထုညစ်ညမ်းမှုများကြောင့် နှစ်စဉ်အချိန်မတိုင်ခင် သေဆုံးမှုများရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့အတူ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် မသန့်ရှင်းသောလေကို ရှူသွင်းနေကြရကြောင်း၊ အထူးသဖြင့် ဝင်ငွေနည်းသည့်နိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်နိုင်ငံများတွင် နေထိုင်သည့်သူများသည် လေထုညစ်ညမ်းမှုကို အများဆုံးခံစားနေရကြောင်း အဆိုပါစစ်တမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ကျွန်ုပ်တို့ နေ့စဉ်ရှူသွင်းနေသည့် လေ၏အရည်အသွေးကိုသိရှိနိုင်ရန် လေအရည်အသွေး တိုင်းတာသည့် အာရုံခံကိရိယာ (Sensor) များဖြင့် တစ်နေရာတည်းတွင်တိုင်းတာခြင်းနှင့် ရွေ့လျားတိုင်းတာခြင်းများဖြင့် တိုင်းတာနိုင်ပါသည်။ ယင်းသို့တိုင်းတာရာတွင် နေရာတစ်ခု၌ တစ်ချိန်တည်းတိုင်းတာပြီး ရလာသည့်ရလဒ်ကို ဖော်ပြ၍မရပါ။ နေရာတစ်ခု၌ အနည်းဆုံး ၂၄ နာရီ မှ ၄၈ နာရီအထိ စောင့်ကြည့်တိုင်းတာထားသည့် ပျမ်းမျှတန်ဖိုးကို ဖော်ပြမှသာလျှင် အဖြေမှန်ရရှိမည်ဖြစ်ပါသည်။

အာရုံခံကိရိယာများဖြင့် တိုင်းတာရရှိသည့် တန်ဖိုးများကို အများနားလည်စေရန် လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI) ဖြင့် ဖော်ပြကြပါသည်။ AQI ဆိုသည်မှာ မိမိတို့ ရှူသွင်းလိုက်သည့် လေ၏သန့်ရှင်းမှုကို တိုင်းတာသည့်အညွှန်းကိန်းဖြစ်ပြီး လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသည့် ဓာတ်ငွေ့များဖြစ်သော ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ အိုဇုန်းနှင့် အမှုန်အမွှားလေးများပါဝင်မှုအပေါ်အခြေခံ၍ ဖော်ပြခြင်းဖြစ်ပါသည်။

AQI တန်ဖိုး သုညမှ ၅၀ (၀–၅၀) အတွင်းသည် လေအရည်အသွေးကောင်းမွန်ပါသည်။ ၅၁ မှ ၁၀၀ အတွင်းသည် အသင့်အတင့်ဖြစ်ပြီး ၁၀၁ မှ ၁၅၀ အတွင်းသည် ခံနိုင်ရည်နည်းပါးသော အုပ်စုများ (ဥပမာ– ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ရောဂါအခံရှိသူများ)အတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ၁၅၁ မှ ၂၀၀ အတွင်းသည် သာမန်လူများကိုပါ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ၂၀၁ မှ ၃၀၀ ကျော်သည်အထိဖြစ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်သည်အထိ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် AQI တန်ဖိုးနည်းခြင်းသည် လေထုသန့်ရှင်းသည်ဟု သတ်မှတ်နိုင်ပြီး AQI တန်ဖိုးများလာသည်နှင့်အမျှ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ AQI အညွှန်းကိန်းများ၏ လေအရည်အသွေးအဆင့်အလိုက် ကျန်းမာရေးအပေါ် သက်ရောက်နိုင်သည့် အခြေအနေကို အများပြည်သူအလွယ်တကူ နားလည်စေရန် အရောင်များဖြင့်လည်း အောက်ဖော်ပြပါအတိုင်း ခွဲခြားဖော်ပြကြပါသည် –

**လေအရည်အသွေးအညွှန်းကိန်းအလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်ဇယား**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ်လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်း ကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများသည်။ |

○ **ခြောက်သွေ့ရာသီများဖြစ်သည့် နိုဝင်ဘာလမှ ဧပြီလအတွင်း လေထုညစ်ညမ်းမှုများဖြစ်လေ့ရှိရာ ဖေဖော်ဝါရီလသည် လေထုညစ်ညမ်းမှု အမြင့်ဆုံးဖြစ်ပေါ်သည့်လဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါကာလများတွင် လေအရည်အသွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် နေ့စဉ်ပျမ်းမျှစံတန်ဖိုးထက် ကျော်လွန်နေ**

ရန်ကုန်မြို့(ကမ္ဘာအေး)၌ တိုင်းတာရရှိသည့် မှတ်တမ်းများအရ ခြောက်သွေ့ရာသီများဖြစ်သည့် နိုဝင်ဘာလမှ ဧပြီလအတွင်း လေထုညစ်ညမ်းမှုများ ဖြစ်လေ့ရှိရာ ဖေဖော်ဝါရီလသည် လေထုညစ်ညမ်းမှု အမြင့်ဆုံးဖြစ်ပေါ်သည့်လဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါကာလများတွင် လေအရည်အသွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် နေ့စဉ်ပျမ်းမျှစံတန်ဖိုးထက် ကျော်လွန်နေပါသည်။ မိုးရာသီကာလများဖြစ်သည့် မေလမှ အောက်တိုဘာလများအတွင်းတွင် လေထုထဲရှိ ဖုန်မှုန့်များနှင့် အခိုးအငွေ့များသည် မိုးရေနှင့်အတူ ရောပါသွားသောကြောင့် လေအရည်အသွေးကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ထို့အတူ အလုပ်သွား/ပြန်၊ ကျောင်းသွား/ပြန် စသည့်အချိန်များဖြစ်သည့် နံနက်ပိုင်း (၇ နာရီမှ ၁၀ နာရီအတွင်း) နှင့် ညနေပိုင်း (၆ နာရီမှ ၉ နာရီအတွင်း)တို့တွင် လေထုညစ်ညမ်းမှု အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အထက်ဖော်ပြပါ လေထုညစ်ညမ်းမှု အများဆုံးဖြစ်တတ်သည့် ကာလများနှင့် အချိန်တို့ကို သိရှိထားခြင်းဖြင့် အဆိုပါကာလများတွင် လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်သည့်အပြုအမူများကို အလေးထားရှောင်ကြဉ်ခြင်း၊ တတ်နိုင်သမျှ အပြင်မထွက်ခြင်းနှင့် မဖြစ်မနေ ထွက်ရမည်ဆိုပါကလည်း နှာခေါင်းစည်း (N95/N99 mask) များ တပ်ဆင်သွားလာခြင်း၊ ခန္ဓာကိုယ်အရေပြားပေါ် အမှုန်/အမွှားများ တိုက်ရိုက်ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် လုံခြုံသည့် အဝတ်အစားများဝတ်ဆင်၍ သွားလာခြင်း၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေစဉ်အတွင်း နေအိမ်တံခါးများပိတ်၍ လေလည်ပတ်မှုရှိစေရန် အိမ်အတွင်းပိုင်းတွင် ပန်ကာများ၊ လေသန့်စက်များ ဖွင့်ထားခြင်းတို့ ဆောင်ရွက်သင့်ပါသည်။ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှလည်း လေထုညစ်ညမ်းမှု လျော့ပါးရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခြင်းနှင့် လေထုညစ်ညမ်းမှု၏ဆိုးကျိုးများကို ပြည်သူများအား အသိပညာပေးခြင်း (Awareness) တို့ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကိုပါ ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏ ပတ်ဝန်းကျင်လေထုအရည်အသွေး ကောင်းမွန်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံများနှင့် မော်တော်ယာဉ်များသည် သက်ဆိုင်ရာဌာနများမှ ချမှတ်ထားသည့် အခိုးအငွေ့ထုတ်လွှတ်မှုဆိုင်ရာ စံချိန်စံညွှန်းများကို တိကျစွာလိုက်နာခြင်း၊ အမှိုက်/တောင်ယာများကို မီးရှို့မည့်အစား မြေဆွေးဖြစ်အောင်ပြုလုပ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ဓာတ်ဆီ/ ဒီဇယ်/ ဓာတ်ငွေ့ အသုံးပြုခြင်းတို့ကို လျှော့ချခြင်း၊ လောင်စာဆီအသုံးပြုသည့် ကိုယ်ပိုင်ယာဉ်များ အသုံးပြုမည့်အစား အများပြည်သူသုံးယာဉ်များနှင့် Electric Vehicle (EV) ယာဉ်များကို တတ်နိုင်သမျှ အသုံးပြုခြင်း၊ နီးသည့်နေရာသို့သွားပါက လမ်းလျှောက်သွားခြင်း၊ စက်ဘီးဖြင့်သွားခြင်းနှင့် လေထုသန့်စင်စေရန် အထောက်အကူပြုသည့် သစ်ပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

**"မိမိတို့၏ ပတ်ဝန်းကျင်လေထုအရည်အသွေး ကောင်းမွန်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံများနှင့် မော်တော်ယာဉ်များသည် သက်ဆိုင်ရာဌာနများမှ ချမှတ်ထားသည့် အခိုးအငွေ့ထုတ်လွှတ်မှုဆိုင်ရာ စံချိန်စံညွှန်းများကို တိကျစွာလိုက်နာခြင်း၊ အမှိုက် / တောင်ယာများကို မီးရှို့မည့်အစား မြေဆွေးဖြစ်အောင် ပြုလုပ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ဓာတ်ဆီ / ဒီဇယ် / ဓာတ်ငွေ့အသုံးပြုခြင်းတို့ကို လျှော့ချခြင်း၊ လောင်စာဆီအသုံးပြုသည့် ကိုယ်ပိုင်ယာဉ်များ အသုံးပြုမည့်အစား အများပြည်သူသုံးယာဉ်များနှင့် Electric Vehicle (EV) ယာဉ်များကို တတ်နိုင်သမျှအသုံးပြုခြင်း၊ နီးသည့်နေရာသို့သွားပါက လမ်းလျှောက်သွားခြင်း၊ စက်ဘီးဖြင့် သွားခြင်းနှင့် လေထုသန့်စင်စေရန် အထောက်အကူပြုသည့် သစ်ပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်သင့်"**

ယနေ့ရင်ဆိုင်နေရသော လေထုညစ်ညမ်းမှုများသည် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာပျော်ရွှင် အသက်ရှင်နေထိုင်မှုများကို ထိခိုက်စေပါသောကြောင့် မိမိတို့ပတ်ဝန်းကျင်မှသည် ကမ္ဘာတစ်ဝန်းလုံးတွင် ကောင်းမွန်သော လေအရည်အသွေးရရှိစေရန် နိုင်ငံသားအားလုံး တစ်ဦးတစ်ယောက်ချင်းမှအစပြု၍ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အလိုက် အားလုံးပူးပေါင်းပါဝင်ပြီး ဆောင်ရွက်မှသာလျှင် လေထုညစ်ညမ်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **"လေထုအရည်အသွေးကောင်းမွန်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့"** ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဖြေဆို

**ရန်ကုန်  မတ် ၁၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆက်လက်ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၁၁၁ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်နှင့် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်တို့ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုကြသည်။



၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၁၁၁ ခု ဖွင့်လှစ်ထားရှိပြီး ယနေ့တွင် ရူပဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်ကို ကျောင်းသား ၂၀၇၀၇ ဦး၊ ကျောင်းသူ ၂၆၀၀၃ ဦးဖြင့် စုစုပေါင်း ၄၆၇၁၀ ဖြေဆိုခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် စက်မှုအတတ်ပညာအနေဖြင့် မြေတိုင်း၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်း ပညာဘာသာရပ်၊ စိုက်ပျိုးရေးအတတ်ပညာအနေဖြင့် သီးနှံကာကွယ်ရေးဘာသာရပ်၊ မွေးမြူရေးအတတ်ပညာအနေဖြင့် ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေးဘာသာရပ်များကို ကျောင်းသား ၂၄၄ ဦး၊ ကျောင်းသူ ၁၅၈ ဦး စုစုပေါင်း ၄၀၂ ဦး ဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုရန် ဝင်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ တစ်ပါတည်းပါရှိရန်နှင့် စာဖြေရန်အထောက်အကူပြုပစ္စည်းများ ယူဆောင်ရန် တာဝန်ကျဆရာ ဆရာမများက ဖြေဆိုရန် အခန်းဝင်ရောက်ချိန်တို့တွင် သတိပေးကြပြီး စာမေးပွဲဖြေဆိုခွင့်ကတ်မေ့ကျန်ခဲ့သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သူများကို အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူများက စာစစ်ဌာနအလိုက် ဆောင်ရွက်ပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခုမှ မြို့နယ် ၄၅ မြို့နယ်ရှိ စာစစ်ဌာန ၁၁၁ ခုရှိပြီး စာစစ်ဌာန ၁၀၇ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့နှင့် စာစစ်ဌာန လေးခု၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ကို ဆက်လက်ဖြေဆိုခဲ့ကြပြီး အင်းစိန်ဗဟို အကျဉ်းထောင် စာစစ်ဌာန၌ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ သုံးဦးဖြင့် စုစုပေါင်း ၃၆ ဦး၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ (ရှေ့)၊ သဃ်န်းကျွန်း၊ ဒဂုံ(မြောက်)၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်း၊ ဗဟန်း၊ သန်လျင်နှင့် ပုဇွန်တောင်မြို့နယ်တို့ရှိ ဆေးရုံတို့၌ ကျောင်းသား လေးဦး၊ ကျောင်းသူ ၁၀ ဦးစုစုပေါင်း ၁၄ ဦး ဆက်လက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်ရပ်ကွက်များတွင် မီးလောင်ကျွမ်းမှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်မှု အစီအမံတစ်ရပ်အနေဖြင့် ခရိုင်/မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မတ် ၁၃ ရက်က ကလေးမြို့ပေါ်ရှိ ရပ်ကွက် ငါးခုတွင် လှည့်လည်ဆော်ဩခြင်းများ ဆောင်ရွက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မတ် ၁၆ ရက်က ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နွေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့၊ မြို့ရှောင်လမ်းရှိ ရွှေဗျိုင်းဖြူစက်သုံးဆီအရောင်းဆိုင်တာဝန်ရှိသူများအား အသိပညာပေးဟောပြောခြင်း၊ ဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ကြစဉ်။ ဘာမိသာ(ပခုက္ကူ)




မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး)ရုံး၌ မတ်၁၆ရက်က အမရပူရမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက် ဦးဆောင်၍ သန္နွေတပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း ဆောင်ရွက်စဉ်။ စိုးသီဟ(အမရ)

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မိုင်းဆတ်မြို့၌ နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကျင်းပ

**မိုင်းဆတ်  မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ခရိုင်/မြို့နယ်အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်းတွင် ပြေးခုန်ပစ်၊ ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကရာတေး၊ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်နှင့် Fitness Dance စသည့် အားကစားနည်းများကို သင်ကြားပြသပေးရာ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ပဉ္စမနေ့ ဆက်လက်ကျင်းပ

# တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၄၉ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၄၉ ဦး၊ ပျက်ကွက် ၁၄၁၀၄ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာ ဘာသာတွဲ၊ စိုက်ပျိုးရေးအတတ်ပညာ ဘာသာတွဲနှင့် မွေးမြူရေး အတတ်ပညာ ဘာသာတွဲများ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲ ပဉ္စမနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ ဘာသာရပ်များ၊ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများက သီးနှံကာကွယ်ရေး ဘာသာရပ်နှင့် မွေးမြူရေး ကျောင်းသား ကျောင်းသူများက ရေသတ္တဝါ မွေးမြူရေးနှင့် ပျားမွေးမြူရေး ဘာသာရပ်တို့ကို ဖြေဆိုကြကာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ရူပဗေဒ+သမိုင်း

နေ့စွဲ - ၁၆.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၅ | ၇၃၈၈ | ၁၁၆၂၃ | ၃၀၈ | ၂၄၉ | ၅၅၇ | ၉၅.၄၃% | ၄.၅၇% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၆၉ | ၃၆၅၆ | ၁၀၄ | ၈၀ | ၁၈၄ | ၉၅.၂၁% | ၄.၇၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၈ | ၅၁၁ | ၈၃၉ | ၃၁ | ၅၅ | ၇၆ | ၉၁.၆၉% | ၈.၃၁% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၀ | ၇၇၀၂ | ၁၂၅၀၂ | ၄၁၀ | ၃၇၁ | ၇၈၁ | ၉၄.၁၂% | ၅.၈၈% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၃၁ | ၈၉၇၆ | ၁၄၆၀၇ | ၄၆၄ | ၃၅၄ | ၈၁၈ | ၉၄.၇၀% | ၅.၃၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၆ | ၆၉၉၅ | ၁၁၈၅၁ | ၄၉၂ | ၂၉၈ | ၇၉၀ | ၉၃.၇၅% | ၆.၂၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၀ | ၁၂၈၆၂ | ၂၁၂၀၂ | ၅၄၃ | ၃၄၀ | ၈၈၃ | ၉၆.၀၀% | ၄.၀၀% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၅၂ | ၂၆၁၇၀ | ၄၅၄၂၂ | ၁၂၈၅ | ၈၄၂ | ၂၁၂၇ | ၉၅.၅၃% | ၄.၄၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၄ | ၁၀၅၃၃ | ၁၈၁ | ၂၂၀ | ၄၀၁ | ၉၆.၃၃% | ၃.၆၇% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၈ | ၉၀၀ | ၁၆၈၈ | ၆၈ | ၄၃ | ၁၁၁ | ၉၃.၈၃% | ၆.၁၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၀၇ | ၂၆၀၀၃ | ၄၆၇၁၀ | ၁၅၂၄ | ၁၀၂၂ | ၂၅၄၆ | ၉၄.၈၃% | ၅.၁၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၅ | ၈၄၈၆ | ၁၃၃၇၁ | ၂၇၀ | ၂၆၁ | ၅၃၁ | ၉၆.၁၈% | ၃.၈၂% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၈ | ၁၀၅၈ | ၁၆၈၆ | ၃၉ | ၅၅ | ၉၄ | ၉၄.၇၂% | ၅.၂၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၂ | ၁၂၁၅ | ၁၉၆၇ | ၆၆ | ၄၆ | ၁၁၂ | ၉၄.၆၁% | ၅.၃၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၁၈ | ၂၀၉၀၄ | ၃၆၄၂၂ | ၁၈၅၉ | ၁၀၄၆ | ၂၉၀၅ | ၉၂.၆၁% | ၇.၃၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၁ | ၇၈၈၄ | ၁၄၀၈၅ | ၅၁၄ | ၃၁၅ | ၈၂၉ | ၉၄.၄၄% | ၅.၅၆% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၃၈၈၀ | ၁၅၀၇၆၉ | ၂၅၄၆၄၉ | ၈၃၁၁ | ၅၇၉၃ | ၁၄၁၀၄ | ၉၄.၇၅% | ၅.၂၅% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ)+
စိုက်ပျိုးရေးအတတ်ပညာ(သီးနှံကာကွယ်ရေး)+မွေးမြူရေးအတတ်ပညာ(ရေသတ္တဝါမွေးမြူရေးနှင့်ပျားမွေးမြူရေး)

နေ့စွဲ - ၁၆.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၂၁ | ၃၂၉ | ၂၀၆ | ၁၂၁ | ၃၂၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |



၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအား ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၂၆) မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (ရူပဗေဒ၊ သမိုင်းဘာသာရပ်) လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ရူပဗေဒ/သမိုင်း) ဘာသာရပ်စာမေးပွဲဖြေဆိုနေမှုကို တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

မွေးမြူရေးအတတ်ပညာ (ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး) ဘာသာရပ်တို့ကို စာစစ်ဌာန ၅၃ ခု၌ ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး (၉၉ ဒသမ ၃၅ ရာခိုင်နှုန်း) ဖြင့်လည်းကောင်း အသီးသီးဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက် အင်္ဂါနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၈ ရက်အထိ ဆက်လက်ဖြေဆိုကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။







၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပဉ္စမနေ့တွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူတို့၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

၁။ ဒဂုံမြို့နယ်မှာရှိတဲ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ကောင်းစုံ (ကိုယ်ပိုင်အထက်တန်းကျောင်း)နဲ့ ပြင်ပဖြေများဝင်ရောက်ဖြေဆိုပြီးတော့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းက အကြားအာရုံမသန်စွမ်းသူ လေးဦး ဝင်ရောက်ဖြေဆိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနရဲ့ စာအုပ်ပါ ညွှန်ကြားချက်အရ တစ်ခန်းလျှင် စာဖြေသူဦးရေ ၃၀ နဲ့ စာဖြေခန်း ၁၆ ခန်း၊ အကြားအာရုံမသန်စွမ်းသူ လေးဦးအတွက်တော့ စာဖြေခန်းသီးသန့် တစ်ခန်း ထားပြီးတော့ စုစုပေါင်း စာဖြေခန်း ၁၆ ခန်းနဲ့ ဖြေဆိုတာဖြစ်ပါတယ်။ ကျန်းမာရေးဦးစီးဌာန၊ လုံခြုံရေးအတွက် ဒဂုံမြို့နယ်စခန်းမှူးရဲ့ဦးဆောင်မှုနဲ့ ကျွန်မတို့ရဲ့ လုံခြုံရေး၊ ကျန်းမာရေးတွေကိုလည်း ကလေးတွေအဆင်ပြေချောမွေ့အောင်၊ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်အောင် စီမံထားပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် သားတို့သမီးတို့အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီးတော့ မိမိဖြေဆိုရမယ့်ဘာသာရပ်အားလုံးကို အောင်မြင်ချောမောစွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

၂။ ဒီနေ့ဖြေတာဆိုလို့ရှိရင် ငါးရက်ရှိသွားပါပြီ။ ဒီနေ့ရူပဗေဒဘာသာရပ်ကို ဖြေခဲ့တာပါ။ သမီးစာတွေကို ကောင်းကောင်းမွန်မွန် ကျက်ခဲ့ရတယ်။ တွက်ခဲ့ရတယ်။ ညမအိပ် နေ့မအိပ်ဘဲ စာတွေလုပ်ခဲ့ရတယ်။ ဒီနေ့ဖြေခဲ့တဲ့ ဘာသာရပ်ကို အားရကျေနပ်မှုရှိပါတယ်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade(12)၊ (ပဉ္စမနေ့) ရူပဗေဒဘာသာရပ်/သမိုင်းဘာသာရပ် ဖြေဆိုပြီးစီးသည့် ကျောင်းသား ကျောင်းသူများကို တွေ့မြင်ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုနေမှုအား တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒနှင့်သမိုင်းဘာသာရပ်အား ကျောင်းသား ကျောင်းသူများ ဖြေဆိုကြစဉ်။



ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade(12)၊ (ပဉ္စမနေ့) ရူပဗေဒဘာသာရပ်/သမိုင်းဘာသာရပ် ဖြေဆိုရန် ကျောင်းသူကျောင်းသားများ ရောက်ရှိလာစဉ်။



ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade(12)၊ (ပဉ္စမနေ့) ရူပဗေဒဘာသာရပ်/သမိုင်းဘာသာရပ် ဖြေဆိုရန် ရောက်ရှိလာသည့် ကျောင်းသူကျောင်းသားများကို တွေ့မြင်ရစဉ်။

# စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေး အမြော်အမြင်ရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

**ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာဖြစ်ပြီးကတည်းက ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ပာနဂိုရ်က နွားမပေါင်ကျိုးတာ ဘာဆိုင်လို့လဲ ပြောလို့မရတော့ပါဘူး။ စူပါပါဝါနိုင်ငံကြီးတွေရဲ့ ကောင်းမွေ၊ ဆိုးမွေကို ကမ္ဘာ့နိုင်ငံတိုင်း မျှဝေခံစားကြရတာပါပဲ။ အထူးသဖြင့် အိမ်ရှေ့ပူရင် အိမ်နောက်လည်း မချမ်းသာဖြစ်ရတော့တာပဲ။**

မောင်ကမ္ဘာ

❐ **တစ်ရက်အတွင်း တစ်ကြိမ်မျှ စက်သုံးဆီဝယ်ယူထားခြင်းမရှိသေးရင် စက်သုံးဆီရောင်းချပေးသွားမှာဖြစ်ပြီး တစ်ရက်ကို ဆီဆိုင်တစ်ဆိုင်မှာ တစ်ကြိမ်သာ ဝယ်ယူခွင့်ရရှိမယ်**

❐ **နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေတို၊ ရေရှည် စီမံကိန်းတွေချမှတ်ရာမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေကို နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးတို့နဲ့ ချိန်ထိုးသုံးသပ်စဉ်းစားတွက်ချက်ပြီး အမြင်ကျယ်ကျယ်နဲ့ စီမံဆောင်ရွက်ရတာဖြစ်လို့ လက်ရှိ ကမ္ဘာ့အခင်းအကျင်းများအရ မြန်မာနိုင်ငံအနေနဲ့လည်း စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအစီအမံကို ကမ္ဘာ့နိုင်ငံတွေနည်းတူ စီမံဆောင်ရွက်သွားရမှာဖြစ်**

လက်ရှိမှာလည်း အီရန်၊ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခက ဒုတိယသီတင်းပတ်အတွင်းမှာ ပိုမိုပြင်းထန်လာတာနဲ့အမျှ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ရင်းမြစ်ပြတ်လပ်မှုပြဿနာက ပိုကြီးထွားလာပါပြီ။ စစ်ရေးပဋိပက္ခကြောင့် အီရန်က ကမ္ဘာ့ရေနံ ငါးပုံ၊ တစ်ပုံစီးဆင်းရာ ဟော်မုဇ်ရေလက်ကြားကို ပိတ်ပင်ထားရာကနေ ရေနံတင်သင်္ဘောတွေ လွတ်လပ်စွာသွားလာခွင့်မရဘဲ တစ်ပတ်ကျော်ပိတ်မိနေတဲ့အပြင် အရှေ့အလယ်ပိုင်းက နိုင်ငံအချို့မှာ ရေနံချက်စက်ရုံတွေ ပိတ်ထားရပါတယ်။

ဟော်မုဇ်ရေလက်ကြားပိတ်ဆို့နေမှုက ကမ္ဘာ့စွမ်းအင်ဈေးကွက်ကို အနှောင့်အယှက်ဖြစ်လာတဲ့အတွက်ကမ္ဘာ့ပဥ္စမမြောက်ရေနံအများဆုံးထုတ်လုပ်တဲ့ ကူဝိတ်နိုင်ငံကလည်း ရေနံထုတ်လုပ်မှုကို လျှော့ချထားတယ်လို့ သိရပါတယ်။

စစ်ရေးပဋိပက္ခတွေ ဘယ်တော့ပြီးမလဲ။ မနက်ဖြန် သို့မဟုတ် ဘယ်သောအခါဆိုသလို ဘယ်သူမှ တိတိကျကျ ရေရေရာရာ သေချာပေါက် မပြောနိုင်ပါဘူး။ စစ်ပွဲတွေဆိုတာ စတင်တာလွယ်သလောက် အပြီးသတ်ဖို့က ခက်ခဲပါတယ်။ တစ်ဖက်နဲ့တစ်ဖက် တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြတ်ဖြတ်ဖို့က ပိုလို့ခက်ခဲပါတယ်။ လက်ရှိအရှေ့အလယ်ပိုင်းက စစ်ရေးပဋိပက္ခမှာလည်း သက်ဆိုင်ရာနိုင်ငံတွေ စစ်ပန်းလာတဲ့အခါ၊ အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာတဲ့အခါ၊ ငြိမ်းချမ်းရေးကိုလိုလားတဲ့ ပြည်သူတွေရဲ့စစ်ဆန့်ကျင်မှုတွေ ပြင်းထန်လာတဲ့အခါ ရုရှား၊ တရုတ် စတဲ့နိုင်ငံကြီးတွေရဲ့ကြားဝင်စေ့စပ်မှုနဲ့ ရပ်စဲသွားလိမ့်မယ်လို့ ထင်မြင်ယူဆမိကြောင်းပါ။

## ကမ္ဘာ့ရေနံဈေးနှုန်း အကြီးအကျယ်ထိုးတက်သွား

သို့သော်ငြား လတ်တလောကာလမှာတော့ ကမ္ဘာ့ရေနံတင်ပို့မှုရဲ့ အဓိကလမ်းကြောင်းဖြစ်တဲ့ ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့သွားမှုနဲ့အတူ ကမ္ဘာ့ရေနံဈေးနှုန်းတွေလည်း နှစ်ပေါင်းများစွာအတွင်း အကြီးအကျယ်ထိုးတက်သွားပါတယ်။

ဒါကြောင့် ကမ္ဘာ့နိုင်ငံတိုင်းလိုလိုက အရန်သိုလှောင်ဆီတွေ လျော့ပါးမသွားစေဖို့အတွက် စွမ်းအင်ခြိုးခြံချွေတာရေးအစီအမံတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ လောင်စာဆီတင်သွင်းမှုအပေါ် အလွန်အမင်း မှီခိုအားပြုနေကြရတဲ့ အရှေ့တောင်အာရှနဲ့ တောင်အာရှက ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့လည်း စွမ်းအင်ခြိုးခြံချွေတာရေးအစီအမံတွေကို အသည်းအသန်လုပ်ဆောင်လျက်ရှိပါတယ်။

**အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံက နိုင်ငံတစ်ဝန်းရှိ အစိုးရနဲ့ ပုဂ္ဂလိက တက္ကသိုလ်အားလုံးကို မတ်လ ၉ ရက်နေ့ကစတင်ပြီး အရေးပေါ်ပိတ်လိုက်တယ်လို့ သိရပါတယ်။ ကျောင်းဝင်းအတွင်း လျှပ်စစ်သုံးစွဲမှုနဲ့ မော်တော်ယာဉ်တွေ လမ်းပေါ်မှာဆီသုံးစွဲမှုကို လျှော့ချဖို့ရည်ရွယ်ပြီး မူလကသတ်မှတ်ထားတဲ့ အီးဒ်ပွဲတော်ရုံးပိတ်ရက်ကို စောစီးစွာ စတင်လိုက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။**

**အိမ်နီးချင်း ထိုင်းနိုင်ငံမှာလည်း ဝန်ကြီးချုပ် အနုတင်ချန်ဝီရကူးလ်က အစိုးရဝန်ထမ်းတွေကို အိမ်ကနေပဲအလုပ်လုပ်ဖို့ (Work from home) ညွှန်ကြားထားပြီး အဆိုပါစွမ်းအင် ချွေတာရေးအစီအစဉ်မှာ ခါတ်လှေကားအစား ရိုးရိုးလှေကားတွေ အသုံးပြုခြင်း၊ အရေးကြီးကိစ္စမှအပ ပြည်ပခရီးစဉ်တွေကို ရပ်ဆိုင်းထားခြင်း စတဲ့ အစီအမံတွေလည်း ပါဝင်တယ်လို့ သိရပါတယ်။**

**ဖိလစ်ပိုင်နိုင်ငံကလည်း စွမ်းအင်သုံးစွဲမှုကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ဖို့အတွက် အစိုးရဝန်ထမ်းတွေကို တစ်ပတ်မှာ လေးရက်သာ အလုပ်ဆင်းဖို့ လူကိုယ်တိုင်တက်ရောက်ရတဲ့ အစည်းအဝေးတွေကိုလျှော့ချသွားဖို့၊ အခန်းတွင်း လေအေးပေးစက်တွေကိုလည်း မူလပုံမှန်သုံးနေကျ ဒီဂရီစင်တီဂရိတ်ထက် လျှော့ချသုံးစွဲဖို့ ညွှန်ကြားထားကြောင်း သိရပါတယ်။**

**ဗီယက်နမ်နိုင်ငံကတော့ ကုမ္ပဏီဝန်ထမ်းတွေကို အိမ်မှာနေပြီးအလုပ်လုပ်ဖို့ အစီအမံကို မတ်လ ၁၀ ရက်က စတင်တိုက်တွန်းလိုက်ပြီး ကိုယ်ပိုင်ကားအသုံးမပြုဘဲ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးကိုသာသုံးစွဲဖို့ နှိုးဆော်ထားကြောင်း သိရပါတယ်။**

စက်သုံးဆီသုံးစွဲမှု တစ်ရက်ကို ခါတ်ဆီဂါလန် ၁ ဒသမ ၅ သန်း၊ ဒီဇယ်ဆီဂါလန် ၁ ဒသမ ၇ သန်း စုစုပေါင်းတစ်ရက်ကို ဆီဂါလန် ၃ ဒသမ ၂ သန်းခန့် သုံးစွဲနေရတဲ့ မြန်မာနိုင်ငံမှာတော့ စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအတွက် ၂၀၂၆ ခုနှစ် မတ်လ ၇ ရက်ကစတင်ပြီး လစဉ် "စုံ"ရက်တွေမှာ စုံနံပါတ်အက္ခရာပါသောယာဉ်တွေ (ဥပမာ – 2 A/----- ၊ 4 A/----) စသဖြင့်၊ "မ"ရက်တွေမှာ မနံပါတ်အက္ခရာပါသောယာဉ်များ (ဥပမာ – 1 A/ -----၊ 3 A/ ------) စသဖြင့် ပုဂ္ဂလိကပိုင်ယာဉ်တွေ မောင်းနှင်အသုံးပြုဖို့နဲ့ စက်သုံးဆီလုပ်ငန်းရှင်တွေသာမက ပြည်သူတွေအနေနဲ့ စက်သုံးဆီဝယ်ယူစုဆောင်းခြင်းနဲ့ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းတွေ လုံးဝမပြုလုပ်ဖို့ မတ်လ ၃ ရက်နေ့က ပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ပြီး ထပ်မံ၍ တစ်စုံတစ်ရာထုတ်ပြန်မှုမရှိတဲ့ အချိန်အထိအတည်ဖြစ်ကြောင်း၊ အဆိုပါ စည်းကမ်းသတ်မှတ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးကြေညာခဲ့ပါတယ်။

## "စုံ"၊ "မ" သတ်မှတ်ချက်

ဒီလို "စုံ"၊ "မ" သတ်မှတ်ချက်မှာ EV မော်တော်ယာဉ်/ဆိုင်ကယ်တွေ၊ နေ့စဉ်အများပြည်သူ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်တွေ၊ အငှားယာဉ်တွေ (Taxi)၊ စက်သုံးဆီသယ်ယူပို့ဆောင်ရေးယာဉ်တွေ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်တွေ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်တွေ၊ လူနာတင်ယာဉ်/နိဗ္ဗာန်ယာဉ်နဲ့ စည်ပင်အမှိုက်သိမ်းယာဉ်တွေ မပါဝင်ဘဲ အသုံးပြုနိုင်တယ်လို့ သိရပါတယ်။

မတ်လ ၄ ရက်နေ့မှာလည်း နေ့စဉ်အသုံးပြုနိုင်တဲ့မော်တော်ယာဉ်တွေထဲမှာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအတွက် ဝန်ထမ်းကြိုပို့ယာဉ်တွေ၊ ကုန်စည်ဖြန့်ဖြူးရေးမှာ အသုံးပြုတဲ့ယာဉ်တွေ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအတွက် ရုံးလုပ်ငန်း အသုံးပြုတဲ့ယာဉ်တွေနဲ့ ကျောင်းကြို/ပို့ယာဉ်တွေလည်းပါဝင်ကြောင်း ဖြည့်စွက်အသိပေး ကြေညာခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ နေ့စဉ်အသုံးပြုတဲ့ မော်တော်ယာဉ်တွေအနေနဲ့လည်း သုံးစွဲတဲ့ အခေါက်ရေအနည်းဆုံးနဲ့ သုံးစွဲတဲ့ယာဉ်စီးရေအနည်းဆုံးဖြစ်အောင် ကန့်သတ်ခြိုးခြံဆောင်ရွက်ကြဖို့နဲ့ အထက်ပါအကြောင်းကိစ္စတွေအတွက် သုံးစွဲတာမှန်ကန်ကြောင်း ယာဉ်ပေါ်စီးနင်းလိုက်ပါသူတွေဆီမှာ၊ ယာဉ်တွေမှာ သက်ဆိုင်ရာအလုပ်ဌာနရဲ့ ခိုင်လုံတဲ့ အထောက်အထား သို့မဟုတ် ထောက်ခံချက်တွေ ပါရှိရမှာဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူကို အသိပေးကြေညာခဲ့ပါတယ်။

စက်သုံးဆီခြိုးခြံချွေတာသုံးစွဲဖို့အတွက် မတ်လ ၇ ရက်က စတင်ကျင့်သုံးခဲ့တဲ့ စုံ/မ စနစ်ကို မတ်လ ၁၃ ရက်အထိ ပညာပေးကာလအဖြစ်သတ်မှတ်ခဲ့ပြီး မတ်လ ၁၄ ရက်မှစတင်ကာ စည်းကမ်းသတ်မှတ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေနဲ့အညီ စတင်အရေးယူနေကြောင်း သိရပါတယ်။

ဒါ့အပြင် စက်သုံးဆီမပြတ်လပ်စေဖို့နဲ့ စက်သုံးဆီအမှန်တကယ်လိုအပ်သူတွေ အဆင်ပြေချောမွေ့စွာဝယ်ယူရရှိနိုင်ဖို့ရည်ရွယ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးမြို့တွေမှာ မတ် ၁၂ ရက်မှစလို့ စက်သုံးဆီကို QR Code နဲ့ ရောင်းချပေးသွားမှာဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက မတ် ၁၁ ရက်က အသိပေးကြေညာခဲ့ပါတယ်။

## Application နဲ့ စိစစ်ရောင်းချပေး

စက်သုံးဆီအရောင်းဆိုင်တွေမှာ တစ်ရက်အတွင်း နှစ်ကြိမ်(သို့)သုံးကြိမ် တန်းစီဝယ်ယူမှုတွေ လျော့နည်းပပျောက်စေဖို့အတွက် QR Code အသုံးပြုဆောင်ရွက်တာဖြစ်ပြီး ကားအတွက် Wheel Tax ပါ Barcode၊ ဆိုင်ကယ်အတွက် Wheel Tax ပါ အချက်အလက်တွေကိုအသုံးပြု၍ QR Code ထုတ်ပေးခြင်း၊ Application နဲ့ အလိုအလျောက် စစ်ဆေးတဲ့နည်းလမ်းတွေနဲ့ စိစစ်ရောင်းချပေးသွားမယ်လို့ သိရပါတယ်။

တစ်ရက်အတွင်း တစ်ကြိမ်မျှ စက်သုံးဆီဝယ်ယူထားခြင်းမရှိသေးရင် စက်သုံးဆီရောင်းချပေးသွားမှာဖြစ်ပြီး တစ်ရက်ကို ဆီဆိုင်တစ်ဆိုင်မှာ တစ်ကြိမ်သာ ဝယ်ယူခွင့်ရရှိမယ်လို့ သိရပါတယ်။

အဲဒီစနစ်ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးမြို့တို့မှာ မတ် ၁၂ ရက်ကစတင်ကာ စမ်းသပ်အသုံးပြုနေပြီး စနစ်ကို စစ်ဆေးပြုပြင်မှုတွေ ဆောင်ရွက်ပြီးရင် ကျန်မြို့တွေမှာလည်း ဆက်လက်အသုံးပြုသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

စွမ်းအင်ဝန်ကြီးဌာနရဲ့ မတ် ၁၄ ရက်နေ့ ထုတ်ပြန်ချက်အရ နိုင်ငံတော်အတွင်းမှာ စက်သုံးဆီသိုလှောင်ထားမှုက ခါတ်ဆီအုပ်စုမှာ ရက် ၄၀၊ ဒီဇယ်အုပ်စုမှာ ရက် ၅၀ အတွက် သိုလှောင်ထားပြီး သီလဝါမှာ ဆီချဖို့ရောက်နေတဲ့ ဆီတင်သင်္ဘော သုံးစင်း၊ Pilot မှာ ရောက်နေတဲ့ ဆီတင်သင်္ဘော နှစ်စင်း၊ လမ်းခရီးမှာရောက်နေတာ ဆီတင်သင်္ဘော သုံးစင်း၊ ဆီတင်ဖို့စောင့်ဆိုင်းနေတဲ့ သင်္ဘော ၁၂ စင်း စုစုပေါင်း ဆီသင်္ဘောအစင်း ၂၀ ရှိတယ်လို့ သိရပါတယ်။ ဒ့ါအပြင် မတ်လအတွင်း စက်သုံးဆီသင်္ဘော ၁၉ စင်း ထပ်တင်သွင်းဖို့လည်း စီမံထားပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေတို၊ ရေရှည် စီမံကိန်းတွေ ချမှတ်ရာမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေကို နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးတို့နဲ့ ချိန်ထိုးသုံးသပ်စဉ်းစားတွက်ချက်ပြီး အမြင်ကျယ်ကျယ်နဲ့ စီမံဆောင်ရွက်ရတာဖြစ်လို့ လက်ရှိ ကမ္ဘာ့အခင်းအကျင်းများအရ မြန်မာနိုင်ငံအနေနဲ့လည်း စက်သုံးဆီခြိုးခြံချွေတာ သုံးစွဲရေးအစီအမံကို ကမ္ဘာ့နိုင်ငံတွေနည်းတူ စီမံဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း မတ် ၁၀ ရက်က နေပြည်တော်မှာကျင်းပတဲ့ နိုင်ငံတော်အစိုးရရဲ့ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနဲ့ ပတ်သက်လို့ ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားခြင်းအခမ်းအနားမှာ **"မိမိတို့အနေဖြင့် နိုင်ငံ့တာဝန်စတင်ထမ်းဆောင်ချိန်တွင် EV ကားများအသုံးပြုရန်အတွက် တိုက်တွန်းခဲ့သကဲ့သို့ လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံတကာအရေးအခင်းများကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံ၌လည်း လောင်စာဆီများ အခက်အခဲဖြစ်ပေါ်လျက်ရှိချိန်တွင် လျှပ်စစ်စွမ်းအင်သုံးသယ်ယူပို့ဆောင်ရေးယာဉ်များ၏ အခန်းကဏ္ဍသည် မြင့်တက်လာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လောင်စာဆီအခက်အခဲများကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်ဘဲ လောင်စာဆီသုံးစွဲနေမှုများအား အတတ်နိုင်ဆုံးလျှော့ချနိုင်ရေး၊ အခြားနိုင်ငံများနည်းတူ နည်းလမ်းရှာ၍ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း"** ထည့်သွင်း ပြောကြားသွားခဲ့ပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေး အစီအမံကို ကမ္ဘာ့အမြင်နဲ့ ရှုမြင်သုံးသပ်ပြီး အမြော်အမြင်ရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။ လောင်စာဆီ ရှားပါးပြတ်တောက်မှုပြဿနာက ဒိုမီနိုသီအိုရီအရ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ နိုင်ငံသားတို့ရဲ့ လူမှုစီးပွားဘဝတွေကို ဆင့်ကဲရိုက်ခတ်နိုင်ကြောင်း အသိပေးနှိုးဆော်ပါရစေ။ ။

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် စာစစ်ဌာနများအား ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၆**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် စာစစ်ဌာနများအား သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အထက (သာဝတ္ထိ) စာစစ်ဌာနသို့ သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးကာ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာစာမေးပွဲကြီးကြပ်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လုံခြုံရေးအဖွဲ့များအား ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြေဆိုနိုင်ရေး၊ ကျောင်းတွင်းကျောင်းပြင် လုံခြုံမှုရှိစေရေး၊ နွေရာသီကာလ မီးဘေးအန္တရာယ်အထူးဂရုပြုဆောင်ရွက်ရေးနှင့် စာမေးပွဲဖြေဆိုနေချိန် ဆူညံမှုများမဖြစ်ပေါ်စေရေး အလေးအနက်ထားဆောင်ရွက်ရန် မှာကြားခဲ့သည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အထက (သပြေပင်)စာစစ်ဌာန၊ အထက(သစ်ပုတ်ပင်)စာစစ်ဌာနနှင့် အထက (ကံသာ)စာစစ်ဌာနများသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၇)ရပ်ကွက်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ လမ်းတိုးချဲ့ခြင်းလုပ်ငန်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း(အင်ဘုမီးပွိုင့်မှ ဈေးမီးပွိုင့်အထိကွန်ကရစ် ချဲ့ခင်းခြင်း) ၂၈၅၆၄ စတုရန်းပေx ၈ လက်မထု ဆောင်ရွက်ပြီးစီးမှုနှင့် ပေ ၂၇၅၀ အရှည်ရှိ ကပ်တုံးဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ဆောင်ရွက်သော ပဲပုပ်မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မိုးနဲ မတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မဲခေါင်-လန်ချန်း



အစီအစဉ်ဖြင့် ဆောင်ရွက်သော ပဲပုပ်မျိုးစေ့ထုတ်စိုက်ခင်းနှင့် ဌာနအစီအစဉ်ဖြင့် စိုက်ပျိုးထားသည့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီရိတ်သိမ်းရတော့မည်ဖြစ်ကြောင်း သိရသည်။

မိုးနဲမြို့နယ်တွင် မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ပဲပုပ်မျိုးစေ့ထုတ်စိုက်ခင်း ခြောက်ဧကနှင့် ဌာနအစီအစဉ်ဖြင့် ဧက ၂၀ စိုက်ပျိုးထားရှိပြီး ပဲပုပ်စိုက်ပျိုးရာသီတွင် တောင်သူများ စိုက်ပျိုးဧက အပါအဝင် စုစုပေါင်း ပဲပုပ်စိုက်ဧက ၂၁၆၄ ဧက စိုက်ပျိုးထားရှိကာ ၁၃၄ ဧကမှာ ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရာသီအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သောနည်းပညာ၊ သွင်းအားစု၊ ပိုးမွှားကင်းစင်ရေး တောင်သူ အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# တနိုင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံပန်းချီပညာသင်တန်းဖွင့်

**တနိုင်း မတ် ၁၆**

တနိုင်းမြို့နယ်၌ အခြေခံပန်းချီပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးမြသောင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇင်မင်းထက်က အခြေခံပန်းချီပညာသင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက နွေရာသီကျောင်းပိတ်ရက် ကျောင်းသားကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာကြည့်တိုက်တွင် အခြေခံပန်းချီပညာသင်တန်း တက်ရောက်ခြင်းဖြင့် စာအုပ်စာပေနှင့်ချစ်ခင်ရင်းနှီးမှုရပြီး စာအုပ်များဖတ်ခြင်းဖြင့် မိမိအတွက် အကျိုးကျေးဇူးများစွာရရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာဦးကောင်းထက်လွင်က သင်တန်းသားများအား အခြေခံပန်းချီပညာရေးဆွဲခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အခြေခံပန်းချီသင်တန်း တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးက ထောက်ပံ့ငွေကျပ် တစ်သိန်း ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၀ တက်ရောက်ကြပြီး မတ် ၁၆ ရက်မှ ဧပြီ ၂၃ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံး(DICA)နှင့် အမှတ် ၁၁ ရပ်ကွက် ဆည်မြောင်းလမ်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ ဝန်ထမ်းများအား မတ် ၁၅ ရက်မှစတင်၍ အဆိုပါရုံးများ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထိန်လင်းက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် 191 Report Application အား ထည့်သွင်းအသုံးပြုစေရေး စည်းရုံးရှင်းလင်းဆောင်ရွက်ခြင်း၊ ဆည်မြောင်းရုံးမော်တော်ယာဉ်ဌာနစိတ်ဝင်းရှိ ဌာနပိုင်မီးငြိမ်းသတ်ယာဉ်အား စစ်ဆေးစမ်းသပ်ခြင်းနှင့် တက်ရောက်လာသူ ဝန်ထမ်းများအား မီးငြိမ်းသတ်ရေး လက်တွေ့လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ကြစဉ်။

လှလှထွေး(ပြန်/ဆက်)



မြို့သစ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မတ် ၁၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်က မီးသတ်စက်များနှင့် ရေပိုက်လိုင်တို့အား ပြည်သူများ ရေရှည်အသုံးပြုထိန်းသိမ်းရေးနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ရေစုပ်ရေပက် စမ်းသပ်ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်းကာ တောင်မြင့်ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။ ၂၂၁



# ပန်းတောင်းမြို့ လူထုအခြေပြုဗဟိုဌာန၌ Book Club အသင်းနှင့် စာဖတ်ဝိုင်းကျင်းပ

**ပန်းတောင်း မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) နှင့် စာဖတ်ဝိုင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပန်းတောင်းမြို့နယ် ဦးစီးမှူး ဒေါ်သင်းသင်းအေးက စာပေကိုချစ်မြတ်နိုးသူများအနေဖြင့် စာပေဗဟုသုတများ အချင်းချင်း နှီးနှောဖလှယ်ကြရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ မပျောက်ပျက်စေရန်၊ စာပေကို ချစ်မြတ်နိုးသူများ အချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် စာပေကိုတန်ဖိုးထားမြတ်နိုးတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ပြောကြားပြီး စာအုပ်စာစောင် ချစ်မြတ်နိုးသူများ အသင်း (Book Club) ဥက္ကဋ္ဌ ဦးလှကျော်က စာရေးဆရာ အောင်ကိုဦး ရေးသားထားသော "လူငယ်တွေ စဉ်းစားဖို့" စာအုပ်နှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးပြီး စာပေမြတ်နိုးသူများက ၎င်းတို့၏ အတွေးအမြင်များကို အပြန်အလှန် ဆွေးနွေးသည်။

လပြည့်လင်း (ပြန်/ဆက်)

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၂၄)

## ဩစတြေးလျနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော တောင်သူပညာပေးလုပ်ငန်းစနစ်များ

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ်-ငြိမ်း)

ဩစတြေးလျနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ထိပ်တန်းရောက်နေရခြင်းမှာ စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲလာမှုအပေါ်သာမက တောင်သူများကို ခေတ်မီနည်းပညာများ အရောက်ပို့ဆောင်ပေးမှုအပေါ်၌လည်း မူတည်ပါသည်။

**ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး အကြံပေးနှင့် နည်းပညာဖြန့်ဝေမှုစနစ်များ**

ဩစတြေးလျနိုင်ငံတွင် တောင်သူပညာပေးလုပ်ငန်းသည် ယနေ့ခေတ်တွင် အစိုးရကသာ ဆောင်ရွက်နေသော စနစ်တစ်ခုတည်းမဟုတ်တော့ပါ။ ထိုအစား အစိုးရ၊ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများ ပေါင်းစပ်ထားသော ရောနှောစနစ်ကို လက်ရှိ အသုံးပြုနေပါသည်။ ဆိုလိုသည်မှာ အစိုးရဌာနများ၊ ပုဂ္ဂလိက အကြံပေးအဖွဲ့များ၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့များအားလုံး ပူးပေါင်းပြီး ဩစတြေးလျနိုင်ငံရှိ တောင်သူလယ်သမားများကို နည်းပညာနှင့် အသိပညာများ ယနေ့ခေတ်တွင် ပံ့ပိုးပေးနေကြပါသည်။


တောင်သူပညာပေးလုပ်ငန်း (Agricultural Extension) ဆိုသည်မှာ -

- သုတေသနအဖွဲ့များနှင့် တက္ကသိုလ်များတွင် ထွက်ရှိလာသော စိုက်ပျိုးရေးနည်းပညာအသစ်များကို လယ်သမားများထံသို့ ပို့ဆောင်ပေးသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။
- အဓိကလုပ်ဆောင်ချက်များမှာ လယ်ယာအကြံပေးဝန်ဆောင်မှု၊ နည်းပညာအသစ်စမ်းသပ်ကွင်း၊ တောင်သူလယ်သမားသင်တန်းများ (လူကိုယ်တိုင်နှင့် အဝေးမှ သင်ကြားပေးသော နည်းစနစ်များ)၊ စိုက်ပျိုး၊ မွေးမြူရေး နည်းပညာအသစ်များ မိတ်ဆက်ပေးခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု၊ လယ်ယာစီးပွားရေးစီမံခန့်ခွဲမှု စသည်တို့ ပါဝင်ပါသည်။

**ဩစတြေးလျနိုင်ငံ တောင်သူပညာပေးလုပ်ငန်း တိုးတက်လာသည့် သမိုင်း**

**(၁) အစိုးရဦးဆောင်သော တောင်သူပညာပေးလုပ်ငန်း (၁၉၀၀–၁၉၈၀)**

အစောပိုင်းကာလများတွင် ဤလုပ်ငန်း (Agricultural Extension) ကို အစိုးရဌာနများက အဓိကလုပ်ဆောင်ခဲ့သည်။ ဥပမာ – ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်၊ ကောလိပ်များ၊ အစိုးရတောင်သူပညာပေး ဝန်ထမ်းများဖြစ်ပြီး အစိုးရဝန်ထမ်းများက တောင်သူလယ်ယာများသို့ သွားရောက်ကွင်းသရုပ်ပြ ပြုလုပ်ခြင်း၊ တောင်သူလယ်သမားများကို နည်းပညာအကြံပေးခြင်းစသည်တို့ လုပ်ဆောင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ယနေ့အထိ လုပ်ဆောင်နေဆဲဖြစ်ပါသည် (အောင်မြင်ထိရောက်မှုကို ဆန်းစစ်ရန် လိုနေပါပြီ)။




ဩစတြေးလျတောင်သူပညာပေးလုပ်ငန်းနမူနာများ။

**(၂) ပုဂ္ဂလိက တောင်သူပညာပေးစနစ် စတင်တိုးလာသည့်ကာလ (၁၉၉၀–နောက်ပိုင်း)**

၁၉၉၀ ပြည့်နှစ်များ နောက်ပိုင်းတွင် ဗဟိုဖက်ဒရယ်၊ ပြည်နယ်အစိုးရများက ပညာပေးဘတ်ဂျက်လျှော့ချခြင်း၊ အစိုးရဝန်ထမ်း လျော့နည်းလာခြင်း၊ အစိုးရသုတေသနလုပ်ငန်း အချို့များပိတ်သိမ်းခြင်းတို့ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေး ကျွမ်းကျင်ပညာရှင်များ ပိုမိုတိုးတက်လာခဲ့ပါသည်။

**(၃) ယနေ့ခေတ် ရောနှောပညာပေးစနစ်**

ယနေ့ဩစတြေးလျတွင် တောင်သူပညာပေးလုပ်ငန်းကို အဖွဲ့အစည်းအမျိုးမျိုးက ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ဥပမာ–အစိုးရ၊ စက်ရုံ၊ အလုပ်ရုံ နည်းပညာကုမ္ပဏီများ၊ ပုဂ္ဂလိကကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီများ၊ တောင်သူအစုအဖွဲ့၊ အသင်းများ၊ တက္ကသိုလ်များ။ ထို့ကြောင့် ဩစတြေးလျနိုင်ငံတွင် အမျိုးသားတောင်သူပညာပေးစနစ် တစ်ခုတည်းမရှိဘဲ စုပေါင်းဆောင်ရွက်သည့်စနစ် ဖြစ်နေပါသည်။

အစိုးရ၏အခန်းကဏ္ဍသည် တိုက်ရိုက်ပညာပေးလုပ်ငန်းထက် ပူးပေါင်းဆောင်ရွက်မှု ပိုလုပ်လာပါသည်။ ဩစတြေးလျ၏ အထူးစနစ်မှာ ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးအဖွဲ့များအား ဘတ်ဂျက်ချပေးသည့်စနစ် ဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းဟုခေါ်သော နည်းပညာ အဖွဲ့အစည်းများစွာရှိပါသည်။ ဤအဖွဲ့များသည် လယ်သမားများမှ အနည်းငယ်သောအခွန် (Farmer levies) နှင့် အစိုးရက ပူးတွဲပေးသော (Government co-funding) တို့ဖြင့် သုတေသနနှင့် တောင်သူပညာပေးလုပ်ငန်းများ လုပ်ဆောင်ကြသည်။ ၎င်းတို့လုပ်ဆောင်သည့် တောင်သူပညာပေးလုပ်ငန်းများမှာ ကွင်းသရုပ်ပြပွဲ၊ တောင်သူကွင်းများ၌ သရုပ်ပြခြင်း၊ ပညာပေးသင်တန်းများနှင့် နည်းပညာအသစ် တောင်သူသုံးနိုင်ရေးအစီအစဉ် စသည်တို့ဖြစ်ပါသည်။ ဥပမာ – ဆစ်ဒနီတက္ကသိုလ်နှင့် အသုံးချဥယျာဉ်ခြံသီးနှံသုတေသနအဖွဲ့တို့ ပူးတွဲလုပ်ဆောင်နေမှုမှာ လက်ရှိအောင်မြင်နေပါသည်။

**ဇယား–၁ တောင်သူပညာပေးလုပ်ငန်းများ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ခြင်း**

| *နိုင်ငံ* | *တောင်သူပညာပေးစနစ် Extension System* |
|---|---|
| အမေရိကန် | တက္ကသိုလ် အခြေပြုတောင်သူပညာပေး (University-based public extension) |
| အိန္ဒိယ | အစိုးရဦးဆောင်မှုများ၊ ပုဂ္ဂလိကနည်း (Government extension dominant) |
| တရုတ် | အစိုးရလုံးဝ (Government extension) |
| ဩစတြေးလျ | အစိုးရ၊ ပုဂ္ဂလိကရောနှောစနစ် (Mixed system) |
| နယူးဇီလန် | လုံးဝပုဂ္ဂလိကစနစ်ဖြစ် (Highly private Extension) |

**စာရေးသူ၏ အတွေးအမြင်**

စာရေးသူအမြင်မှာ မြန်မာနိုင်ငံရှိ တောင်သူပညာပေးလုပ်ငန်းများက နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် အားနည်းနေသေးသည်ဟု ထင်ပါသည်။ ဥပမာ– ဗဟိုအဆင့် စိုက်ပျိုးရေးဦးစီးဌာနကသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို စီမံခန့်ခွဲနေသေးခြင်း၊ တောင်သူပညာပေးလုပ်ငန်းများအတွက် ဝန်ကြီးဌာနများမှာ ဦးစီးဌာနများစွာ ပြန့်ကျဲနေသေးခြင်း။

(က) ယခု ဩစတြေးလျအစိုးရက ယခင်ကတည်းက ဖက်ဒရယ်အစိုးရသိပ္ပံနှင့် နည်းပညာ သုတေသနဌာနကြီး (CSIRO–Commonwealth Scientific and Industrial Research Organization) နှင့် အတူ ပြည်နယ်များရှိ အစိုးရဦးစီးဌာနများ ဥပမာ– နယူး ဆောက်ဝေးပြည်နယ် စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ငါးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးဌာန (NSW DPIRD – Department of Primary Industries and Regional Development)၊ ကွင်းစလန် ပြည်နယ် စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ငါးလုပ်ငန်း ဌာန (Queensland Department of Primary Industries) စသည်တို့ရှိသော်ငြားလည်း ယနေ့ခေတ်တွင် အစိုးရတစ်ရပ်တည်း တောင်သူပညာပေးလုပ်ငန်း မလုပ်တော့ဘဲ ပုဂ္ဂလိကအဖွဲ့များနှင့် ပူးတွဲဆောင်ရွက်နေခြင်း၊ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ ဆည်မြောင်း၊ စက်မှုလယ်ယာ စသည့် ဦးစီးဌာနများစွာမရှိဘဲ ဌာနတစ်ခုတည်း (One-Stop Services)ကသာ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း(နမူနာ)။

(ဤစနစ်မှာ အိန္ဒိယအစိုးရ စိုက်ပျိုးမွေးမြူရေး သုတေသနကောင်စီ (ICAR – Indian Council of Agricultural Research)က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် တောင်သူပညာပေးရေးကို KVK – Krishi Vigyan Kendras အဖွဲ့အစည်း တစ်ခုတည်းကသာ တောင်သူပညာပေးလုပ်ငန်းများ ပြုလုပ်နေခြင်းနှင့်လည်း ဆင်တူနေပါသည်။)

(ခ) ဩစတြေးလျ၏ပြည်နယ်အားလုံးမှာစိုက်ပျိုးမွေးမြူရေးဆိုင်ရာ တက္ကသိုလ်များစွာရှိသဖြင့် ပြည်နယ်တိုင်းရှိ သီးသန့်လယ်ယာပြဿနာ လိုအပ်ချက်ဆိုင်ရာ တက္ကသိုလ်ဘွဲ့လွန်သုတေသနများကို ပုဂ္ဂလိကအဖွဲ့များနှင့် ဆောင်ရွက်နေခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ နိုင်ငံခြားသို့ တင်ပို့သည့်အတွက် ရရှိသည့် *စာမျက်နှာ ၁၃ သို့*




ပုဂ္ဂလိက အသုံးချဥယျာဉ်ခြံသီးနှံသုတေသနအဖွဲ့နှင့် သုတေသနမှန်ခြံ။

❖ **ဩစတြေးလျနိုင်ငံတွင် တောင်သူပညာပေးလုပ်ငန်းသည် ယနေ့ခေတ်တွင် အစိုးရကသာ ဆောင်ရွက်နေသော စနစ်တစ်ခုတည်းမဟုတ်တော့ပါ။ ထိုအစား အစိုးရ၊ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများ ပေါင်းစပ်ထားသော ရောနှောစနစ်ကို လက်ရှိ အသုံးပြုနေပါသည်။ ဆိုလိုသည်မှာ အစိုးရဌာနများ၊ ပုဂ္ဂလိက အကြံပေးအဖွဲ့များ၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့များအားလုံး ပူးပေါင်းပြီး ဩစတြေးလျနိုင်ငံရှိ တောင်သူလယ်သမားများကို နည်းပညာနှင့် အသိပညာများ ယနေ့ခေတ်တွင် ပံ့ပိုးပေးနေသည်**

# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မိတ်ဆက်အခမ်းအနားကျင်းပ



ပဲခူး မတ် ၁၆

**တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မိတ်ဆက်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်၏ တာဝန်များဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူလူထုကို ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ထိန်းသိမ်းခြင်း စသည်တို့ကို ပြည်သူများ ထိထိရောက်ရောက်အကျိုးခံစားနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လွှတ်တော်၏ အဓိကလုပ်ငန်းစဉ်(၃)ရပ်ကို ပြည်သူများက စိတ်ဝင်တစား ပူးပေါင်းလာသည်နှင့်အမျှ ပိုမိုအားကောင်းပြီး ထိရောက်သည့် လွှတ်တော်တစ်ရပ်အဖြစ် ဖော်ဆောင်လာနိုင်မည်ဖြစ်၍ ပြည်သူများက ယုံကြည်အားထားမှုရှိသည့် လွှတ်တော်တစ်ရပ်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

### ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး တိုင်းဒေသကြီးလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်လုပ်ငန်းဆောင်ရွက်ချက်များ (အနှစ်ချုပ်)၊ လွှတ်တော်ရုံးဆိုင်ရာကိစ္စရပ်များနှင့် ကိုယ်စားလှယ်များ စရိတ်ချီးမြှင့်ငွေဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရေး စီမံချက်၊ ပထမပုံမှန်အစည်းအဝေး (ပထမနေ့) ကျင်းပမှုပုံစံ၊ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ပဲခူးတိုင်းဒေသကြီး တတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကို မတ် ၂၀ ရက်တွင် အစီအစဉ် (၁၈) ရပ်ဖြင့် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# စစ်တွေမြို့၌ နိုင်ငံ့ဝန်ထမ်းအရာရှိများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆွေးနွေးပွဲနှင့် မြို့ဝင်မုခ်ဦး ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



စစ်တွေ မတ် ၁၆

နိုင်ငံ့ဝန်ထမ်းအရာရှိများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဥပဒေရေးရာ ပညာပေးသင်တန်းနှင့် ဥပဒေအသိပညာပြန့်ပွားရေးအဖွဲ့နာယက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအသိပညာသည် ဘဝ ရှင်သန်နေသရွေ့ သိရှိထားရန်လိုအပ်သည့် အရာတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသော အရာရှိများအနေဖြင့် မိမိတို့သိသင့်သည့် ပြည်သူ့ဝန်ထမ်းနှင့် သက်ဆိုင်သော ရာဇဝတ်များ၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့်လျှို့ဝှက်ချက်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို သိရှိလိုက်နာနိုင်ရေးအတွက် ဆွေးနွေးပို့ချမှုကို အာရုံစိုက် မှတ်သားကြစေလိုကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအလို့ငှာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိစွာဖြင့် မိမိတို့၏ တာဝန်ဝတ္တရားများကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်နိုင်သော အရည်အသွေးရှိ အရာရှိများဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ဥပဒေချုပ်က ဥပဒေအသိပညာပေး ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဥပဒေအသိပညာ ပြန့်ပွားရေးဆိုင်ရာများကို ဆွေးနွေးပို့ချသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော စစ်တွေမြို့ မြို့ဝင်မုခ်ဦးဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်တွေတပ်နယ်မှ ဆောက်လုပ်ရေးတာဝန်ခံက မြို့ဝင်မုခ်ဦး တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မြို့ဝင်မုခ်ဦး ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး လျာထားဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ် သယံဇာတရေးရာဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

❍ *ကျောဖုံးမှ*

မန်ယူအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၅၃ မိနစ်တွင် ရရှိပြီး အသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ် ၏ ဖန်တီးမှုမှ ကွင်းလယ်ကစားသမား ကက်စမီရိုက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ထို့နောက် ပြိုင်ဘက် အက်စ်တွန်ဗီလာအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၆၄ မိနစ်တွင် ရရှိခဲ့ပြီး ဘာကလေက သွင်းယူပေးခဲ့သည်။ မန်ယူအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ကွန်ညာနှင့် လူစားဝင်တိုက်စစ်ကစားသမား ရှက်ကို တို့က သွင်းယူပေးခဲ့သည်။ မန်ယူအသင်းခေါင်းဆောင် ဖာနန်ဒက်စ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ဖာနန်ဒက်စ်သည် ယင်းဂိုးဖန်တီးမှုနှစ်ကြိမ်ကြောင့် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ဂိုးဖန်တီးမှုပေါင်း ၁၆ ကြိမ်အထိ ရှိလာပြီ ဖြစ်သည်။ ထို့ပြင် ၎င်းသည် မန်ယူအသင်းသမိုင်းတစ်လျှောက်တွင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ယခုနိုင်ပွဲကြောင့် ပရီမီယာလိဂ် ပွဲစဉ် (၃၀) အပြီးတွင် ရမှတ် ၅၄ မှတ်ဖြင့် အဆင့် (၃) နေရာကို တက်လှမ်းနိုင်ခဲ့သည်။

မတ် ၁၅ ရက် ည ၁၁ နာရီက အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးနှင့် စပါးအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ အဆိုပါ ပွဲစဉ်မှာ လီဗာပူးအသင်းသည် ဆာဘော့ဆလိုင်း၏ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ရစ်ချတ်လီဆန်၏ နောက်ကျချေပဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် သရေကျခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

---

*စာမျက်နှာ ၁၂ မှ*

အခွန်ငွေများမှ ၁–ရာခိုင်နှုန်းခန့် သုတေသနအတွက် လျာထားပေးခြင်း ပြုလုပ်နေပါသည်။(နမူနာ)။ ဥပမာ – မြန်မာနိုင်ငံ ဆန်၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ငါး၊ ပုစွန် စသည်တို့ နိုင်ငံခြားပို့သည့်အတွက် ရရှိသည့် အခွန်မှ ရန်ပုံငွေအနည်းငယ်ကို နောင်တွင် ထိုပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန် ထိုပို့ကုန်များအတွက် သုတေသနကိုသာ ဦးစားပေးပြုလုပ်ခြင်း၊ ဥပမာ – ပို့ကုန်များ ဓာတုဓာတ်ကြွင်းပါဝင်မှုကို လျှော့နည်းစေခြင်း သုတေသန။

(ဂ) မြန်မာနိုင်ငံအတွက် တောင်သူပညာပေး သုတေသနနှင့် ဖွံ့ဖြိုးရေးဘတ်ဂျက် (R&D – Research and Development Budget for Agricultural Extension in Myanmar based on GDP%) ကို လက်ရှိ ငွေလုံးငွေရင်း၊ သာမန်စသည့် ငွေစာရင်းများမှ ငွေစာရင်းဆိုင်ရာ ကျင့်ထုံးများနှင့်အညီ ရာခိုင်နှုန်း အနည်းငယ်ပိုပေးနိုင်သော စနစ်များ ပြောင်းလဲကျင့်သုံးပေးခြင်း၊

(ဃ) မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သော ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိ သုတေသနအားသန်သော ပါရဂူဘွဲ့ရ ဝန်ထမ်းအချို့ကို တက္ကသိုလ်၊ သုတေသနဌာနများ၌ ဩစတြေးလျ၊ အာရှနိုင်ငံများ အပါအဝင် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသော ပါရဂူဘွဲ့လွန်သုတေသနများ၊ သီးနှံတစ်မျိုး၊ ဘာသာရပ်တစ်ခုခု၏ သုတေသန၌ တစိုက်မတ်မတ် အလုပ်လုပ်ရင်း အချိန်ပိုင်း ဆက်လက်ဆောင်ရွက်စေခြင်း၊ ဥပမာ– ဆစ်ဒနီတက္ကသိုလ် အပင်မျိုးမွေးမြူရေး သုတေသနဌာနက ဂျုံသံချေးရောဂါ (Wheat Rust Disease) တစ်ခုတည်း ခံနိုင်ရည်ရှိသော ဂျုံမျိုးများ ရရှိရေး သုတေသနကို နှစ်ပေါင်း ၁၀၀ ကျော်အောင် ဆောင်ရွက်နေခြင်း၊ (ယခင် ၁၉၁၀ ပြည့်နှစ်က ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသုတေသနအဖွဲ့ကဲ့သို့ အဖွဲ့များ ပြန်လည်ဖွဲ့စည်းပေးကာ ကြီးကြပ်ပေးပြီး သုတေသနရန်ပုံငွေရရှိမှုအရ ဦးစားပေး စိုက်ပျိုးမွေးမြူရေး သုတေသနများကို ရွေးချယ်ပေးရမည် ထင်ပါသည်)

(င) မြန်မာနိုင်ငံပုဂ္ဂလိကဓာတုဆေးဝါး၊မြေဩဇာကုမ္ပဏီအချို့မှ တောင်သူပညာပေးလုပ်ငန်း (Agri–cultural Extension by Private Companies, Enterprises, etc.) အချို့ပြုလုပ်နေသော်လည်း အချို့က တောင်သူလိုအပ်သည်ထက် မိမိကုန်ပစ္စည်း အရောင်းမြှင့်တင်ရေး ဦးစားပေးစနစ်၊ တောင်သူကို အကြွေးပေးပြီး ပစ္စည်းများများယူစေသည့် စနစ်များဖြင့် တောင်သူပညာပေးလုပ်ငန်းများ ပြုလုပ်နေသည်ကို လုပ်ထုံး၊ လုပ်နည်းနှင့်အညီ တည့်မတ်ပေးခြင်း၊ (မှန်ကန်တိကျသော စိုက်ပျိုးရေးစနစ် Precision Agriculture အသုံးပြုပါက တောင်သူများ၏ လယ်ယာနှင့် ဥယျာဉ်ခြံသီးနှံများအတွက် ဓာတုဆေး၊ ဓာတုမြေဩဇာကုန်ကျမှုများ လျှော့နည်းသွားပါလိမ့်မည်) စသည့် အလေ့အကျင့်ကောင်းများကို ယနေ့ခေတ် မိမိနိုင်ငံ၏ ဒေသ၊ ရာသီဥတု၊ စနစ်အခြေအနေများနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ။

# ဟော်မုဇ်ရေလက်ကြားရှိ ဂျပန်နှင့်ဆက်နွှယ်လျက်ရှိသော သင်္ဘောများဘေးအန္တရာယ်ကင်းရှင်းရေး စဉ်းစားဆုံးဖြတ်လျက်ရှိသည်ဟု ဂျပန်ဝန်ကြီးချုပ်ပြော

**တိုကျို မတ် ၁၆**

ဟော်မုဇ်ရေလက်ကြားရှိ ဂျပန်နှင့်ဆက်နွှယ်လျက်ရှိသော သင်္ဘောများ ဘေးအန္တရာယ်ကင်းရှင်းရန် ဂျပန်ဥပဒေမူဘောင်အတွင်း မည်သို့ဆောင်ရွက်နိုင်မည်ဆိုသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဂျပန်အစိုးရအနေဖြင့် စဉ်းစားဆုံးဖြတ်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ်တာကာအိချီဆာနာအဲ (ယာပုံ) က ပြောကြားလိုက်သည်။



တာကာအိချီသည် ဧပြီလတွင် စတင်မည့် ဘဏ္ဍာနှစ်အတွက် မတ် ၁၆ ရက်က ကျင်းပခဲ့သော ဘတ်ဂျက် ဥပဒေကြမ်းဆိုင်ရာ အထက်လွှတ်တော် ကော်မတီ အစည်းအဝေးတွင် အဆိုပါအချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဥပဒေကြမ်းကိုအောက်လွှတ်တော်က လွန်ခဲ့သော သီတင်းပတ်က အတည်ပြုခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟော်မုဇ်ရေလက်ကြားသို့ သင်္ဘောများစေလွှတ်ရန် ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းပြီးနောက် ဂျပန်နိုင်ငံက ၎င်း၏လွှတ်တော်အစည်းအဝေးများကို စတင်ခဲ့ခြင်းဖြစ်သည်။

တာကာအိချီသည် ယခုသီတင်းပတ် နှောင်းပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံသို့ မက်ထရစ်တန် ၃၈၀၀၀ ပါရှိသည့် လောင်စာဆီတင်ယာဉ် ဆိုက်ရောက်

**ကိုလံဘို မတ် ၁၆**

ရေနံထုတ်ကုန် မက်ထရစ်တန် ၃၈၀၀၀ သယ်ဆောင်လာသည့် လောင်စာဆီတင်ယာဉ်တစ်စင်း သီရိလင်္ကာနိုင်ငံသို့ မတ် ၁၆ ရက်တွင် ရောက်ရှိခဲ့ပြီး ကိုလံဘိုဆိပ်ကမ်း၌ စစ်ဆေးရေးလုပ်ငန်းစဉ်များ ပြုလုပ်ပြီးနောက် ကုန်ချမှုပြုလုပ်ရန် စီစဉ်ထားကြောင်း Ceylon ရေနံကော်ပိုရေးရှင်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ ဆိုက်ရောက်လာသည့် စက်သုံးဆီများထဲတွင် ဒီဇယ် မက်ထရစ်တန် ၁၈၀၀၀၊ ဓာတ်ဆီ မက်ထရစ်တန် ၁၇၀၀၀ နှင့် ထိပ်တန်းဒီဇယ် မက်ထရစ်တန် ၃၀၀၀ တို့ ပါဝင်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၌ ယခင်က မှာယူထားသည့် လောင်စာဆီတင်ယာဉ်များသည် ပေးပို့ရန်စီစဉ်ထားသည့်အချိန်နှင့်တစ်ပြေးညီ ဆက်လက်ရောက်ရှိလျက်ရှိကြောင်း အာဏာပိုင်များက ရှင်းလင်းပြောကြားသည်။

ကော်ပိုရေးရှင်း၏ ဦးဆောင်ညွှန်ကြားရေးမှူး မာရှုရာ နက်သီကုမာရာ၏ ပြောကြားချက်အရ တာဝန်ရှိသူများသည် ရေယာဉ်ပေါ်မှ စက်သုံးဆီများ ဆိပ်ကမ်းသို့မချမီ လောင်စာဆီနမူနာများကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ဆက်လက်ပြီး နိုင်ငံတစ်ဝန်း စက်သုံးဆီဆိုင်များထံသို့ လောင်စာဆီများဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# လာအိုနိုင်ငံ၌ စက်သုံးဆီချွေတာရေးနည်းလမ်းများ ချမှတ်လုပ်ဆောင်

**ဗီယင်ကျန်း မတ် ၁၆**

လာအိုအစိုးရသည် စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှု၏ အကျိုးသက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ရန် အဝေးမှနေ၍ အလုပ်လုပ်ခြင်း၊ လူကိုယ်တိုင်တက်ရောက်မည့် အစည်းအဝေးများ လျှော့ချခြင်း၊ အလုပ်ချိန်အလှည့်ကျစနစ်ဖြင့် လုပ်ဆောင်ခြင်း၊ အများပြည်သူသုံး ယာဉ်များနှင့် အီးဗွီကားများကို ပိုမိုအသုံးပြုခြင်းများအပါအဝင် စက်သုံးဆီချွေတာရေးနည်းလမ်းများကို ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မတ် ၁၃ ရက်က ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်သော နောက်ဆုံးညွှန်ကြားချက်တွင် စက်သုံးဆီသုံးစွဲမှုလျှော့ချရေး၊ စီးပွားရေးတည်ငြိမ်မှုကို အားကောင်းစေရေး၊ လာအိုနိုင်ငံအနေဖြင့် ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုလမ်းကြောင်းများအပေါ် ကျရောက်လာနိုင်သည့် သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိရေးတို့ကို ဖော်ပြထားသည်။



ထို့ပြင် ဝန်ထမ်းများကို အလှည့်ကျစနစ်ဖြင့် တာဝန်ထမ်းဆောင်စေခြင်း၊ အွန်လိုင်းအစည်းအဝေးများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ခြင်း၊ ကုန်ကျစရိတ်လျှော့ချရေး နည်းလမ်းများကို တင်းကျပ်စွာ လုပ်ဆောင်ခြင်းနှင့် စက်သုံးဆီသုံးစွဲမှုလျှော့ချရန် မလိုအပ်သော ခရီးသွားလာမှုများကို ကန့်သတ်ခြင်းများလုပ်ဆောင်ရန် ဝန်ကြီးဌာနများကို ညွှန်ကြားထားကြောင်း သိရသည်။ **ဆင်ဟွာ**

# အာဖဂန်၌ လွန်ခဲ့သည့် ၁၁ လအတွင်း အာဟာရချို့တဲ့မှု ခံစားနေရသော ပြည်သူသုံးသန်းခန့်အား ဆေးဝါးကုသမှုပေး

**ကဘူးလ် မတ် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် ၁၁ လအတွင်း နိုင်ငံတစ်ဝန်း အာဟာရချို့တဲ့မှု ခံစားနေရသော ပြည်သူသုံးသန်းခန့်ကို ဆေးဝါးကုသမှုပေးနိုင်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၆ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာကိစ္စရပ်များထဲမှ အရေးတကြီး ဖြေရှင်းဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် အာဟာရချို့တဲ့ဖြစ်ပွားမှုကိုဖြေရှင်းရန် နိုင်ငံတစ်ဝန်း ကြိုးပမ်းအားထုတ်မှုတစ်စိတ်တစ်ပိုင်းအဖြစ် လွန်ခဲ့သည့် ၁၁ လအတွင်း အာဟာရချို့တဲ့မှုဖြစ်ပွားသူ အထူးသဖြင့် ကလေးသူငယ်များ၊ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ဆေးဝါးကုသမှုများပေးခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြစ်ပွားနေသော အာဟာရချို့တဲ့မှုများမှာ လာမည့်နှစ်များအတွင်း အလွန်ဆိုးရွားလာနိုင်ကြောင်း နိုင်ငံတကာအဖွဲ့အစည်းများက သတိပေးပြောကြားထားသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ကျဆင်းမှုနှင့် ဆက်လက်ဖြစ်ပေါ်နေသော စီးပွားရေးအခက်အခဲများကြောင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အာဟာရချို့တဲ့မှုဖြစ်ပွားသော အမျိုးသမီးနှင့် ကလေးသူငယ်အရေအတွက်မှာ ငါးသန်းအထိ မြင့်တက်လာနိုင်သည်ဟု ဆိုသည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ်အတွင်း မကာအို၏ လူဦးရေ ၆၈၈၉၀၀ အထိရှိလာ

**မကာအို မတ် ၁၆**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ မကာအို အထူးအုပ်ချုပ်ရေးဒေသ (SAR) သည် ၂၀၂၅ ခုနှစ် နှစ်ကုန်တွင် လူဦးရေ ၆၈၈၉၀၀ အထိရှိလာပြီး ယမန်နှစ်ထက် အနည်းငယ်တိုးလာကြောင်း သိရသည်။

အဆိုပါ အရေအတွက်မှာ ယမန်နှစ်ကထက် ၀ ဒသမ ၁ ရာခိုင်နှုန်းတိုးလာကြောင်း SAR ၏ စာရင်းအင်းနှင့် သန်းခေါင်စာရင်းဝန်ဆောင်မှုလုပ်ငန်း(DSEC) က မတ် ၁၆ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

လူဦးရေများထဲတွင် အသက် ၁၄ နှစ်အထိ လူငယ် ၁၁ ဒသမ ၇ ရာခိုင်နှုန်း၊ အသက် ၆၀ နှစ်အထိ အသက်ကြီးသူ ၁၅ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း စာရင်းအင်းနှင့် သန်းခေါင်စာရင်းဝန်ဆောင်မှုလုပ်ငန်းက မှတ်ချက်ပြုထားသည်။

မကာအို၌ ၂၀၂၅ ခုနှစ်အတွင်း အရှင်မွေးဖွားမှုနှုန်း အရေအတွက် ၂၈၇၀ နှင့် အသေမွေးဖွားမှုနှုန်း အရေအတွက် ၂၄၂၄ ဦးဖြစ်ကြောင်း အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

**ဓာတ်ပုံ-the macao news**



# ဆိုမာလီလုံခြုံရေးတပ်ဖွဲ့များ အယ်လ်ရှာဘတ်စစ်သွေးကြွများကို ဆန့်ကျင်သည့် စစ်ဆင်ရေးများဆောင်ရွက်

**မိုဂါဒစ်ရှူး မတ် ၁၆**

ဒေသတွင်းတပ်ဖွဲ့ဝင်များ ထောက်ပံ့ပေးထားသော ဆိုမာလီလုံခြုံရေးတပ်ဖွဲ့သည် အယ်လ်ရှာဘတ်စစ်သွေးကြွများကို ဆန့်ကျင်သည့် စစ်ဆင်ရေးများ အရှိန်မြှင့်တင်ဆင်နွှဲလျက်ရှိချိန် မတ် ၁၅ ရက် ညနေပိုင်းတွင် နိုင်ငံတောင်ပိုင်းဒေသ၌ စစ်သွေးကြွ ကိုးဦးကို ဖယ်ရှားနိုင်ခဲ့သည်။

မတ် ၁၅ ရက် ညနေပိုင်းက ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ကြေညာချက်တွင် ရှာဘယ်လီဆိုသည့် ဆိုမာလီမြစ်အောက်ပိုင်းဒေသရှိ ဘူစလေဒေါက် ကျေးရွာစစ်ဆင်ရေးတွင် စစ်သွေးကြွများကို ဖယ်ရှားနိုင်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

စစ်ဆင်ရေးအတွင်း၌ အယ်လ်ရှာဘတ်စစ်သွေးကြွ ကိုးဦးကို သတ်နိုင်ခဲ့ကြောင်းနှင့် စစ်သွေးကြွတစ်ဦးချင်းသည် ဒေသခံများကြား အန္တရာယ်နှင့် မလုံခြုံမှုကိုဖြစ်စေကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

မဟာမိတ်တပ်ဖွဲ့များသည် အယ်လ်ရှာဘတ်ကို တိုက်ခိုက်ရန် ၎င်းတို့၏ စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖြည့်စွက်ဖော်ပြထားသည်။ **ဆင်ဟွာ**

# မြစ်ကြီးနားမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆေးရုံတက် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။



ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ် အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၂၅-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့ လုပ်ရပ်နဲ့ ပြည်သူအပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးအား တောင်ကိုရီးယားနိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ရရှိသည့် ငွေကြေး အကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

**နေပြည်တော် မတ် ၁၆**

အမျိုးသမီးတစ်ဦးအား တောင်ကိုရီးယားနိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ရရှိသည့်ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မကျော့ကေခိုင်သည် ၎င်းနှင့်ခင်မင်ရင်းနှီးသည့် မော်ဒယ်သင်တန်း တက်ရောက်နေသူ မြန်မာအမျိုးသမီးတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဒိုင်းမွန်းကွန်ဒိုတွင် ကိုရီးယားဘာသာစကားသင်တန်း ဖွင့်လှစ်ထားပြီး မြန်မာအမျိုးသမီးများအား Blind Date ပြုလုပ်ပေးနေသည့် တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) နှင့် မိတ်ဆက်ပေးခဲ့ကြောင်း၊ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) က တောင်ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းမည်ဆိုပါက ထိုက်ထိုက်တန်တန် တင်တောင်းငွေပေးမည်၊ တစ်လလျှင် အိမ်ထောင်စရိတ်အဖြစ် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ အထိ ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့ရာ ၎င်းကိုရီးယားဘာသာစကားသင်တန်းတွင် အလုပ်လုပ်ကိုင်နေသည့် နိုဇင်မိုး(ခ)စုဂျင်းက ဘာသာပြန်ပေးခဲ့ကြောင်း။

ထို့နောက် တောင်ကိုရီးယားနိုင်ငံသား Mr. Bang Gyeong Cheol နှင့် တွေ့ဆုံပေးခဲ့ပြီး ရွှေတိဂုံဘုရားနှင့် ပြည်သူ့ရင်ပြင်ပန်းခြံတို့တွင် မင်္ဂလာဆောင်မှတ်တမ်းဓာတ်ပုံရိုက်ကူးပေးခဲ့ကြောင်း၊ Mr. Bang Gyeong Cheol က ၎င်းအမျိုးသမီးနှင့် သုံးရက်ခန့် ပေါင်းသင်းနေထိုင်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသို့ ပြန်သွားခဲ့သဖြင့် Online မှတစ်ဆင့် ဆက်သွယ်ပြောဆိုခဲ့ရာ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) ထံ ငွေကျပ်သိန်း ၆၀၀ ခန့်ပေးခဲ့ကြောင်း၊ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) က ၎င်းအမျိုးသမီးကို ငွေကျပ် သိန်း ၂၀ သာပေးခဲ့ကြောင်း စိစစ်သိရှိရသဖြင့် တောင်ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းစေပြီး ရရှိသည့်ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)၊ မကျော့ကေခိုင်နှင့် နိုဇင်မိုး(ခ)စုဂျင်းတို့ကို အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကမာရွတ်မြို့မ ရဲစခန်း (ပ) ၁၈၃/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ် ၁၃ ရက်တွင် ကမာရွတ်ခရိုင်တရားရုံးမှ တရားခံတောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန်၊ တရားခံ ကျော့ကေခိုင်နှင့် နိုဇင်မိုး(ခ)စုဂျင်းတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

**မိတ္ထီလာ မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို မတ် ၁၅ ရက်က မိတ္ထီလာ ပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမ၌ ကျင်းပသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက "ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချစားသုံးသူဘဝ" ဆောင်ပုဒ်နှင့်အညီ စားသုံးသူအခွင့်အရေးများ ထိထိရောက်ရောက် အကာကွယ်ရရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။ ယင်းနောက်စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကလစ်ကိုပြသပြီး မိတ္ထီလာခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားကို မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုလတ်ထွေးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## မင်္ဂလာဒုံမြို့နယ်၌ စားသုံးသူရေးရာအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် အသိပညာပေး

**ရန်ကုန် မတ် ၁၆**

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူရေးရာအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို "အစိုးရနှင့် ပြည်သူကြား ပေါင်းကူးတံတားသဖွယ်" မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးနည်းလမ်း အသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ အကြီးတန်းစာရေး ဦးသန်းထိုက်စိုးက ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချ စားသုံးသူဘဝ ဟူသည့် ဆောင်ပုဒ်နှင့်အညီ စားသုံးသူများ သိရှိသင့်သည့် အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များအကြောင်း၊ ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ (CICC) များတွင် တိုင်ကြားနိုင်ခြင်း၊ Consumer Myanmar Mobile Application နှင့် Website များမှတစ်ဆင့် လွယ်ကူစွာ တိုင်ကြားနိုင်ပုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲရင့်သိန်းထွန်း**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကရဏာကမ္ဘာ လွမ်းချင်း

မြင့်စိုး(နတလ)



ကရဏာကမ္ဘာ ဘိုးဘွားရိပ်သာအဝင်မုခ်ဦးအနီးက သံသရာငြိမ်းအေးစေတီတော်။

**သစ္စာလည်းရှိ၊ ကျေးဇူးလည်း သိကြသည်**

ကရဏာကမ္ဘာ... မရောက်ဖြစ်တာ ကြာပါပေါ့။ ၂၀၂၀ ပြည့်နှစ် ဇွန်လထဲမှာ နောက်ဆုံးသွားခဲ့သည်ဆိုတော့ကာ ခြောက်နှစ်နီးပါး ရှိသွားပြီပဲ။ အရင်ဆုံး အမှတ်ရလိုက်သူက အဘွား ဒေါ်နန်းအေးအိမ်၊ ကျွန်တော်နှင့်ဆုံတွေ့ချိန်မှာ သူ၏အသက် ၈၅ နှစ်၊ သူ့ကိုပျော်စေလို၍ အဘွားငယ်ငယ်က တော်တော်ချောမှာပဲဟု စလိုက်နောက်လိုက်ရာ သဘောတွေကျပြီး ခွက်ထိုးခွက်လန်ရယ်ပါလေတော့သည်။

ထိုအချိန်ရိုက်ထားမိသော မှတ်တမ်းဓာတ်ပုံတစ်ပုံကို ကျွန်တော် ယခုထိသိမ်းထားဆဲ။ အခြားသော အဘွားလေးယောက်၏ ဓာတ်ပုံလေးလည်း ရှိနေသည်။ သည်ရက်ထဲ၌ပင် အဘဦးသောင်းမြင့်ထံမှ အမှာစကားတစ်ခွန်း ရောက်ရှိလို့လာသည်။ စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာ ကရဏာကမ္ဘာဘိုးဘွားရိပ်သာ နှစ်လည်မဂ္ဂဇင်းကို (၁၀) နှစ်ပြည့် အထူးထုတ်အဖြစ်ထုတ်ဖို့ရှိနေသည် စာမူတစ်ပုဒ်ရေးသားပေးပါဟူသတည်း။ ငြင်းဖို့ရာ လုံးဝမသင့်သော နေရာဌာနတစ်ခုမို့ ကျွန်တော် ရေးပါမည်၊ ပေးပါမည်ဟု ကတိပြုလိုက်သည်။ သို့သော် ကျွန်တော့်မှာ အလေ့အထတစ်ခုရှိ၏။ နေရာဒေသတစ်ခုအကြောင်း၊ ဌာနတစ်ခု အကြောင်းရေးသားတင်ပြလိုသည့် ဇောစေတနာပူးကပ်ငြိတွယ်လာပြီဆိုလျှင် ထိုနေရာ ထိုဒေသသို့ အရောက်သွား၍ ကိုယ်တိုင်ကြည့်ရှုခံစားမှုနှင့် စတင်ခြင်းဖြစ်ပါသည်။

သည့်အတွက် မတ်လ ၆ ရက်နေ့မှာ ကရဏာကမ္ဘာသို့ ရောက်ခဲ့သည်။ ဘိုးဘွားရိပ်သာမှာ အုပ်ချုပ်ရေးပိုင်း တာဝန်ထမ်းဆောင်နေသော ကျောင်းနေဘက်သူငယ်ချင်း ကိုဟန်ညွန့်က အဝင်မုခ်ဦးဝမှာ ကြိုစောင့်ပေးပါသည်။ လှမ်းမြော်ဖူးတွေ့နေရသော သံသရာငြိမ်းအေးစေတီတော်မြတ်ရှိရာသို့ လက်အုပ်ချီမိသည်။ သူငယ်ချင်းဖြစ်သူက ဘယ်ကိုအရင်သွားမလဲ မေးလာသောအခါ ကျွန်တော် မဆိုင်းမတွဖြေလိုက်မိသည်၊ အဘွားဆောင်ဟူ၍...။

ထိုသို့ပြောလိုက်မိပြီးမှ အတွေးတစ်ခုက ဖျတ်ခနဲဝင်လာပါတော့သည်။ ကျွန်တော်သိလိုသော ကိစ္စတစ်ခုအတွက် ဖြောင့်ဖြောင့်တန်းတန်း မေးရဲပါမည်လားဟူ၍။ စိတ်ကထင့်နေသည်၊ သို့သော် မတတ်နိုင်၊ မေးစရာရှိတာ မေးရတော့မည်။

**"အဘွား ဒေါ်အေးအိမ် ရှိသေးရဲ့လား သူငယ်ချင်း"**

**"ဟာ... ရှိတယ်၊ သက်တော်ရှည်အဘွားပဲ"**

**"ဝမ်းသာတယ်ကွာ... အသက် ၉၁ နှစ်ရှိပြီပေါ့"**

နှင်းဆီဆောင်ကို ဝင်လျှင်ဝင်ချင်း အပေါက်ဝနားမှာပဲ တွေ့လိုက်ရပါပြီ။ အဘွား ဒေါ်အေးအိမ်၊ ဝမ်းသာအားရနှုတ်ဆက်ရင်း ယခင် ခြောက်နှစ်ခန့်က ဓာတ်ပုံလေးကိုပြလိုက်တော့ သူပျော်သွားသည်။ အထိုင်အထနှေးပြီး နားတွေတော့ လေးသွားရှာပြီ။ သူ့ကိုနှုတ်ဆက်အပြီး ကျန်ဓာတ်ပုံတစ်ပုံထဲက အဘွားလေးယောက်ကို မေးလိုက်သောအခါ တပ်မတော်(လေ)မှ ဗိုလ်မှူး ဒေါ်မြင့်မြင့်နှင့် ဗိုလ်ကြီး ဒေါ်ခင်ကျော့တို့ အဘွားနှစ်ဦး၊ မိခိုဖြစ်သော အဘွား ဒေါ်စီစီတင်တို့ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိလိုက်ရ၍ စိတ်မကောင်းဖြစ်မိသည်။

တပ်မတော်(ရေ)မှ အရာခံဗိုလ်(ငြိမ်း) အဘွား ဒေါ်ထွေးရီ အသက် ၈၆ နှစ်အား ကျန်းမာစွာ တွေ့ခဲ့ရ၏။ သူက ကျွန်တော်မြင့်စိုး(နတလ)၏ ဆောင်းပါးများကို အမြဲဖတ်ဖြစ်ခဲ့ကြောင်း၊ ကရဏာကမ္ဘာ ဘိုးဘွားရိပ်သာမှာ ခေါ်ယူစောင့်ရှောက်ပေးသော တပ်မတော်၏ ကျေးဇူးတရားများ ကြီးမားကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်လွှတ်ရစေဦးတော့ ကျန်ရစ်သူမိသားစုဝင်များကို အရိုးကလုပ်ကျွေးနိုင်သည်အထိ ကျေးဇူးရှိကြောင်း ပြောလာ၍ လေးစားစွာ နားထောင်ခဲ့ရသည်။

သည်တစ်ခေါက်မှာလည်း မန္တလေး(ခခန)မှ တပ်ကြပ်သန်းမောင်၏ ဇနီးဖြစ်သူ အဘွား ဒေါ်ခင်စန်း အသက် ၈၉ နှစ်၊ ခမရ(၄)မှ ဒုတပ်ရင်းမှူး ဗိုလ်မှူး ခင်မောင်ချို၏ ဇနီးဖြစ်သူ အဘွား ဒေါ်ယဉ်ယဉ်မေ အသက် ၇၉ နှစ်၊ မင်္ဂလာဒုံ လေတပ်ဆွယ်ဆေးရုံတွင် အမှုထမ်းခဲ့သော ဒုတိယတပ်ကြပ်(ငြိမ်း) အဘွား ဒေါ်တင်မြင့် အသက် ၈၁ နှစ်တို့နှင့်အတူ ဓာတ်ပုံရိုက်ဖြစ်ခဲ့သည်။ အဘိုးဆောင်များမှာတော့ စစ်သားဟောင်းကြီးများဖြစ်ကြသည့် အဘိုး ဦးအုန်းမောင် အသက် ၉၃ နှစ်၊ အဘိုးဦးထွန်းကြည် အသက် ၉၁ နှစ်တို့က အသက်အကြီးဆုံးဖြစ်ကြောင်း သိရသည်။ သူတို့အားလုံး နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာရှိသူများဖြစ်ခဲ့ကြသလို တပ်မတော်၏ ကျေးဇူးတရားကို သိနားလည်သူများလည်း ဖြစ်ကြသည်။

**ကျွန်တော်နှင့် ကရဏာကမ္ဘာ**

စင်စစ်ကရဏာကမ္ဘာသည် ကျွန်တော်နှင့် မစိမ်းခဲ့ပါ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နတလဦးစီးဌာန၌ တာဝန်ထမ်းဆောင်နေဆဲကာလ ၂၀၁၆ ခုနှစ်တွင် ချစ်ဇနီး ဒေါ်လှိုင်လှိုင်မင်း ကွယ်လွန်သွားသဖြင့် သူ့အတွက်ရည်စူး၍ ကရဏာကမ္ဘာမှ ဘိုးဘွားများအား အာဟာရဒါနပြု ကျွေးမွေးလှူဒါန်းခဲ့ဖူးပါသည်။ လာမည့်ဇွန်လတွင် ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့်မည်ဖြစ်သောကြောင့် သွားရောက်ကျွေးမွေးလှူဒါန်းရန် ကြံရွယ်စိတ်ကူး ရည်စူးခဲ့ပါသည်။ ထို့ပြင်တဝ ကရဏာ ကမ္ဘာဘိုးဘွားရိပ်သာအကြောင်း သတင်းစာဆောင်းပါးရေးသားခဲ့ဖူးသလို စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့ဖူးပါသည်။ နှစ်လည်မဂ္ဂဇင်း ထုတ်ဝေသည့်အခါတိုင်းလည်း စာမူများရေးသားပေးပို့၍ အဘိုးအဘွားများအတွက် ဒါနပြုခဲ့ဖူးသည်။ သည့်အတွက် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ပြန်လည်ပေးပို့သော ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများလည်း ရခဲ့ဖူး၏။

**စာမူထဲက အမှတ်တရများ**

စွန့်လွှတ်စွန့်စားသူတို့၏ကွန်းခိုရာ ကရဏာကမ္ဘာဘိုးဘွားရိပ်သာ နှစ်လည်မဂ္ဂဇင်းများအတွက် စာမူများပေးပို့ခဲ့ရာတွင် ဖြစ်ပေါ်လာသော စိတ်ခံစားမှုပေါ်မူတည်၍ ရည်ရွယ်ချက်၊ အကြောင်းအရာတွေ ကွဲပြားခြားနားသွား၏။ ဘိုးဘွားရိပ်သာအကြောင်းကို ဂဃနဏသိရှိပြီး အလှူဒါနပြုနိုင်ကြစေရန် အလို့ငှာ တည်နေရာ၊ ရည်ရွယ်ချက်၊ ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးဗဟိုအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဖွဲ့စည်းထားမှု၊ ဘိုးဘွားများနှင့် ကျဆုံး/ ဒဏ်ရာရစစ်သည်များ၊ မိခိုများအတွက် ဆောက်လုပ်ထားသည့် အဆောက်အအုံများပြီးစီးမှု၊ ဘိုးဘွားများလက်ခံသည့် အစီအစဉ်နှင့် ရောက်ရှိနေထိုင်လျက်ရှိသောဦးရေဘိုးဘွားများ၏တစ်နေ့တာ အချိန်ဇယား၊ လှူဒါန်းကျွေးမွေးနိုင်သော အာဟာရ အမျိုးအစားများနှင့် နှုန်းထားများအကြောင်း ပါဝင်သည့် ဆောင်းပါးများလည်း ပေးပို့ခဲ့ဖူးသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလထဲမှာ ကျွန်တော်တို့ စစ်တက္ကသိုလ် အမှတ်စဉ် (၂၂) သူငယ်ချင်း မိသားစုများသည် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားခဲ့ကြသည်ဖြစ်ရာ ထိုခရီးစဉ်မှ အပြန်တွင် ဘိုးဘွားများလည်း ဖတ်ရှုကြည်ညိုနိုင်စေရန်အတွက် **"ဗုဒ္ဓဂယာ အောင်မြေမဟာမှ သတ္တသတ္တာဟ(၇)ဌာန"** စာမူအား ရေးသားပေးပို့ခဲ့ပါသည်။

တစ်ခါတစ်ရံတွင်မတော့ မိမိအလွန်မြတ်နိုးတန်ဖိုးထားသော တပ်မတော်သားဘဝကို စွန့်လွှတ်ခဲ့ရသည့်အတွက် စိတ်ခံစားချက်အတိုင်း လွှတ်ပေးလိုက်ကာ "ရင်နာစွာစွန့်လွှတ်ခဲ့ရသော ဘဝတစ်ခု" လို စာမူမျိုးကိုလည်း ပေးပို့ခဲ့ဖူးပါသည်။

နောက်ထပ်စာမူတစ်ပုဒ်လည်း ပေးပို့ခဲ့ဖူး၏။ ကျွန်တော် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် စတင်တာဝန်မထမ်းဆောင်မီကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ညွှန်ကြားချက်အရ ဗိုလ်မှူးကြီးညွန့်ဆွေ (သံအမတ်ကြီး-ငြိမ်း)၊ ဗိုလ်မှူးကြီး သိန်းမြင့်(ငြိမ်း)၊ ဗိုလ်မှူးကြီး တင်ဝင်း (သံအမတ်ကြီး-ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်(ငြိမ်း)တို့နှင့်အတူ ကျိုင်းတုံ၊ မက်မန်း ခရီးစဉ်သို့ လိုက်ပါခဲ့ရသည်။ အဘဦးညွန့်ဆွေ တပ်မ(၇၇) ဒုတိယတပ်မမှူး ဘဝက တပ်ရင်း(၆)ရင်းဖြင့် မော်ဖဒေသ သံလွင်မြစ်ကူးစစ်ဆင်ရေးကို ဆင်နွှဲခဲ့ပြီး သိမ်းပိုက်ရရှိခဲ့သော ပွိုင့်ကုန်းများကို ပြန်လည်ကြည့်ရှုလေ့လာရန်ဖြစ်၏။ အဘနှင့် လိုက်ပါလာသူများသည် ထိုစဉ်က ကျရာတာဝန်အသီးသီးဖြင့် အတူတိုက်ပွဲဝင်ခဲ့ကြသူများ ဖြစ်သကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်လည်း ဗိုလ်အဆင့်ဖြင့် အမှတ်(၁) ရှမ်းသေနတ်ကိုင်တပ်ရင်းတွင် ပါဝင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ထိုစဉ်က မိုင်းရှူးနှင့် သံလွင်အရှေ့ခြမ်း၊ ပန်ဆန်းဒေသ၏တောင်ဘက်၊ မိုင်းပျဉ်းဒေသ၏ မြောက်ဘက်၊ မက်မန်းအပါအဝင် ဒေသတစ်ခုလုံးကို မော်ဖဒေသဟု ခေါ်ခဲ့ကြသည်။ ဓားလုပ်ရန် ကောင်းမွန်သောသံများ ထွက်ရှိရာအရပ်ဟု ဝိဂြိုဟ်ပြုကြ၏။

ထိုခရီးစဉ်မတိုင်မီလေးမှာပင် ကျွန်တော်က နတလဝန်ထမ်း အငြိမ်းစားဘဝဖြင့် မက်မန်းဒေသသို့ သွားရောက်ခဲ့ပြီး

*စာမျက်နှာ ၁၇ သို့*

**❝ ကရဏာကမ္ဘာကိုရောက်တိုင်း တပ်မတော်သားဘဝကို လွမ်းသည်။ လုပ်ဖော်ကိုင်ဖက် သေဖော်ရှင်ဖက်များကို လွမ်းသည်။ စစ်ဆင်ရေးတာဝန်ဖြင့် ရောက်ရှိခဲ့သောနေရာဒေသများကို လွမ်းသည်။ သို့သော်... လွမ်းနေရုံနှင့်မပြီး၊ စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာကရဏာကမ္ဘာသည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသော၊ တပ်မတော်၏ကျေးဇူးတရားများကို နားလည်သော စစ်သားဟောင်း၊ စစ်သမီးဟောင်းကြီးများ နားခိုရာ၊ ကျဆုံး/ဒဏ်ရာရ စစ်သည်မိသားစုများ ကွန်းခိုရာ ဘုမိနက်သန်အဖြစ်လည်း ရှုမြင်ရပေမည် ❞**



အသက် ၉၁ နှစ် ရှိပြီဖြစ်သော အဘွား ဒေါ်နန်း အေးအိမ် နှင့်အတူ။

## ကျိုင်းတုံမြို့၌ မဲခေါင်ဒေသအတွင်း နိုင်ငံများအကြား သတင်းအချက်အလက်မျှဝေခြင်း စီမံကိန်းမိတ်ဆက်



ကျိုင်းတုံ မတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅) အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ စီးပွားရေးအရ အရေးပါသော အပင်များ၏ ဓာတုဒြပ်ပေါင်း ပါဝင်မှုနှင့် ၎င်းတို့အား အသုံးပြုနိုင်မှုများကို ဖော်ထုတ်ခြင်းနှင့် မဲခေါင်ဒေသအတွင်း နိုင်ငံများအကြား သတင်းအချက်အလက် မျှဝေခြင်း (FD-MLC Plant's Chemical) စီမံကိန်း မိတ်ဆက်အခမ်းအနားကို ယမန်နေ့က ဟွမ်ဟိန်းဟိုတယ်၌ ကျင်းပသည်။

ဦးစွာ သစ်တောဦးစီးဌာန သစ်တော သုတေသနဌာန (ရေဆင်း) မှ စီမံကိန်းမန်နေဂျာ ဦးညွန့်ဝင်းက အမှာစကား ပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင် ဦးမင်းညိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် သစ်တောဦးစီးဌာန သစ်တော သုတေသနဌာန (ရေဆင်း) မှ ဒေါက်တာ သီတာဆွေက စီမံကိန်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အပင်များ၏ ထူးခြားဂုဏ်သတ္တိဒြပ်ပေါင်း ပါဝင်မှုအား ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန (ရေဆင်း)မှ ဒေါက်တာမူမူအောင်က စီမံကိန်းဒေသအတွင်းရှိ ဈေးကွက်အလားအလာကောင်းသော အပင်မျိုးစိတ်များကို လေ့လာဖော်ထုတ် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး အခမ်းအနား တက်ရောက်ကြသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ စီးပွားရေးအရအရေးပါသော အပင်များအား ဆန်းစစ်လေ့လာဖော်ထုတ်ရေး၊ အသုံးပြုဈေးကွက် မြှင့်တင်နိုင်ရေးနှင့် မဲခေါင်ဒေသအတွင်း နိုင်ငံများအကြား သတင်းအချက်အလက်မျှဝေနိုင်ရေး ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

မိုင်းယောင်း မတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက "ကမ္ဘာမြေကြီးသာယာဖို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါစို့" ခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျွမ်းကျင်-၃(ရုပ်သံ) ဒေါ်နန်းစီဖောင်းနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ဝေဝေခိုင်တို့က မြေ၊ ရေ၊ လေတို့က လူသားတို့အတွက် အဖိုးတန်ကောင်းကျိုးတို့ကို စဉ်ဆက်မပြတ်ပေးအပ်နေသကဲ့သို့ ၎င်းတို့ချင်းလည်း အပြန်အလှန် ဆက်စပ်အမှီသဟဲပြုလျက်ရှိကြောင်း၊ ထိုမြေ၊ ရေ၊ လေတို့နှင့် လူသားတို့သည်လည်း ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဆိုသကဲ့သို့ အပြန်အလှန်တည်မှီနေသည့် ကွင်းဆက်များဖြစ်ပြီး ဂေဟစနစ်ဟုခေါ်ကြောင်း၊ လူသားတို့သည် ဂေဟစနစ်ကို အလေးမထားဘဲ ကမ္ဘာ့လေထု၊ မြေထု၊ ရေထုတို့ကို အလွန်အကျွံ အသုံးချမှုများကြောင့် ဂေဟစနစ်များ ပိုမိုပျက်ယွင်းကာ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ဖြစ်ပေါ်လာပြီး လူသားတို့၏ ရှင်သန်နေထိုင်မှုကို ဒုက္ခပေးလာမည်ဖြစ်ကြောင်းကို ဆွေးနွေးသည်။

အလားတူ "ပလတ်စတစ်ညစ်ညမ်းမှုထိန်းချုပ်ရေး အကောင်အထည်ဖော်ဆောင်ရွက်" ခေါင်းစဉ်ဖြင့် အန္တရာယ်ရှိသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲနှင့် "ကလေးသူငယ်စစ်မှုထမ်းခြင်းကိုတားဆီး" ခေါင်းစဉ်ဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ခိုလမ်မြို့ (၂၆) မိုင် ကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ပို့ချ



ခိုလမ် မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ဟိုင်းလိုက်ကျေးရွာအုပ်စု (၂၆) မိုင်ကျေးရွာ၊ ရန်ငြိမ်းအေးတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလ၏ ဦးဆောင်ညွှန်ကြားမှုဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများ အခြေခံကိုယ်ကျင့်တရား ကောင်းမွန်စေရန်ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့မှစ၍ ခိုလမ်မြို့ ဟိုင်းလိုက်ကျေးရွာအုပ်စု (၂၆) မိုင်ကျေးရွာ ရန်ငြိမ်းအေးတောရကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဦးစွာ နံနက်ပိုင်းတွင် ရန်ငြိမ်းအေးတောရကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလနှင့် သြဝါဒခံယူဆောက်တည်ကြပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာစာအုပ်ပါ ဗုဒ္ဓဝင်အကျဉ်း၊ သြကာသ ဘုရားရှိခိုးနှင့်တကွ သီလခံယူဆောက်တည်ပုံ၊ ရတနာ မြတ်သုံးပါး ဂုဏ်တော်ပါဠိအနက်၊ မေတ္တာပို့အမျှဝေ၊ (၃၈) ဖြာ မင်္ဂလာကဗျာများ၊ လောကနီတိနှင့် ဆုံးမစာများကိုလည်းကောင်း သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၃၅ ဦး တက်ရောက်ကြပြီး မတ် ၁၆ ရက်မှ ဧပြီ ၁၂ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများအား အလှူရှင်များက စာရေးကိရိယာများ လှူဒါန်းပြီး နေ့စဉ် အချိုရည်၊ မုန့်ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်(ပြန်/ဆက်)**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၁၆

မတ် ၁၇ ရက်တွင် နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

ဆောင်းပါးတွေ ရေးသားတင်ပြခဲ့သောကြောင့် အဘဦးညွန့်ဆွေအတွက် အထောက်အကူဖြစ်စေရန် ကျွန်တော့်ကို ထည့်လိုက်ခြင်းဖြစ်ပါလိမ့်မည်။ ထိုခရီးစဉ်မှာ အဘ၏ဇနီး အမေ ဒေါ်သက်ဆွေ၊ စာရေးဆရာမ (မသက်ဆွေ-သရက်)လည်း ပါလာခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အသက်စွန့်၍ တိုက်ယူခဲ့ကြရသော တောင်ကုန်းများပေါ်မှာ နောက်တစ်ကြိမ် ခြေချခွင့်ရသည့်အပေါ် ကာယကံရှင်အဘများ၏ ရင်တွင်းခံစားချက်မည်သို့မည်ပုံတွေ ရှိနေမည်မသိ၊ ကျွန်တော်သည်ပင်လျှင် စစ်စိတ်စစ်သွေးများ ပြန်လည်နိုးထလာခဲ့သည်။

သည်တိုက်ပွဲကြီးများအကြောင်းကို နေ့စဉ်ထုတ်သတင်းစာတွင်လည်းကောင်း၊ ကရဏာကမ္ဘာနှစ်လည်မဂ္ဂဇင်းတွင်လည်းကောင်း အဘဦးညွန့်ဆွေထံ ခွင့်တောင်း၍ ရေးသားခဲ့ဖူး၏။ သတင်းစာမှာ ရေးတုန်းက တိုက်ပွဲဖြစ်စဉ်များ၊ အချိန်များမှာ အစီအစဉ်တကျရှိခဲ့သည်။ မဂ္ဂဇင်းအတွက် အနည်းငယ်ပြင်ဆင်ရေးသားပေးပို့ရာမှာတော့ ကွန်ပျူတာတပည့်ကျော်များ၏ စာစီစာရိုက်နှင့် စာကြောင်းရေတွေ ရှေ့နောက်မှားယွင်းမှု အနည်းငယ်ဖြစ်သွားခဲ့သည်။ တိုက်ပွဲတွင် ပါဝင်ခဲ့ကြသော ရှမ်း(၁)၊ ခမရ (၁၀၁)၊ ခမရ (၁၀၅)၊ ခမရ (၁၀၆)၊ ခမရ (၁၀၇)၊ ခလရ (၆) တပ်ရင်းများနှင့်အတူ ဒုတပ်မမှူး၊ ဗျူဟာကွပ်ကဲမှုအဖွဲ့တို့ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သံလွင်မြစ်ကို ပန်လုံကူးတို့၊ မတ်လုံကူးတို့မှလည်းကောင်း၊ နမ့်ခချောင်းမှလည်းကောင်း စတင်ဖြတ်ကူးတာတွေ၊ ရှမ်း (၁) ပန်ခါးကြော စတိုက်တာ၊ ခမရ (၁၀၇) မွတ်နိုးကို စသိမ်းတာတွေ၊ ထိုမှတစ်ဆင့် ပွိုင့် ၅၇၁၀ ကို သိမ်းပြီး ဒုတပ်မမှူးနှင့်အဖွဲ့ တက်ရောက်အခြေပြုကာ နိုင်ငံတော်အလံ စိုက်ထူခဲ့တာတွေအထိတော့ အမှားမရှိခဲ့ပါ။

ဘယ်မှာ မှားသွားသလဲဆိုတော့ကာ ပွိုင့် ၆၀၀၀ ကုန်းနှင့် သူ၏ရှေ့ကာကုန်းဖြစ်သော သံခမောက်ကုန်းကို တိုက်ခဲ့သည့် ဒီဇင်ဘာလ ၆ ရက်နေ့ တိုက်ပွဲဖြစ်စဉ်တွေ အနည်းငယ်လွဲသွားသည်။ သည့်နောက် ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ ရန်သူနှင့် မိမိတပ်အတွက် အချက်အချာကျသော ပွိုင့် ၆၀၂၈ ကို နောက်ကျောမှ ဝိုင်းပတ် တိုက်ခိုက်သိမ်းပိုက်တာတွေကတော့ မှန်သွားပါသည်။

စာတစ်ပုဒ်မှာ စာတစ်လုံး မှားသွားရုံမျှဖြင့် အဓိပ္ပာယ် အနှစ်သာရ၊ အရသာပျက်သွားတတ်ပုံကို လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ လောက်ကတည်းက ကျွန်တော်တို့ နတလဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ(စာရေးဆရာနီမင်းဆွေ) ညွှန်ပြခဲ့ဖူးသည်ကို ယနေ့တိုင် မမေ့ခဲ့ပါ။ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလမှာ ကျွန်တော်တို့ နယ်စပ်ဖွံ့ဖြိုးရေးမဂ္ဂဇင်း (နောင်တွင် တိုင်းရင်းသားမဂ္ဂဇင်း)ကို စ၍ထုတ်ခဲ့သည်။ ဆရာနီမင်းဆွေက အယ်ဒီတာချုပ်၊ ဗိုလ်မှူးသန်းထူး၊ ဦးလင်းဇော်ခိုင် (ကွယ်လွန်)နှင့် ကျွန်တော်က အယ်ဒီတာအဖွဲ့ဝင်များ ဖြစ်ကြ၏။

ဆရာနီမင်းဆွေကိုယ်တိုင် ပါဝင်ရေးသားခဲ့သော ဝတ္ထုတိုတစ်ပုဒ်၏ အမည်မှာ "သြော်...မဖြစ်လောက်ပါဘူး" ဆိုသော ဝတ္ထု၊ သူ၏ဇာတ်ကောင်က လက်ဖွေ့အားကစားသမား၊ နယ်စပ်ဒေသမြို့တစ်မြို့ကို ရောက်သွားရင်း အပျော်အပါးလိုက်စားမိ၍ AIDS ရောဂါဆိုး ရသွားသည့်အဖြစ်၊ အားအင်တွေကုန်ခန်းလာတာကို သတိမပြုမိဘဲ လက်ဖွေ့ထိုးတော့ ပထမအချီမှာတင် ကြိုးဝိုင်းထဲမှာ မှောက်သွားသည်။ ဒီနေရာမှာ သူရေးထားတာက ပထမအချီကို ရည်ညွှန်းလိုသောအားဖြင့် "လွန်ခဲ့သော (၃) မိနစ်မတိုင်မီ အတိတ်ကာလဆီသို့" ပြန်လည်သတိရနေမိသည် ဟူ၍ပါတည်း။ ဒါကို ကျွန်တော်များ စာတည်းအဖွဲ့ကလည်း သတိမထားလိုက်မိဘဲ စာအုပ်ထွက်ရှိလာချိန်မှာ ပုံနှိပ်တိုက်က "လွန်ခဲ့သော (၃၀) မိနစ်မတိုင်မီ အတိတ်ကာလဆီသို့" ဟု ရိုက်ထားပေရာ ဆရာနီမင်းဆွေခမျာ ကြေကွဲမဆုံးဖြစ်သွားပါတော့သည်။ သူလည်း ကွယ်လွန်ခဲ့ပြီ။

**ကရဏာကမ္ဘာလွမ်းချင်း**

ကရဏာကမ္ဘာကိုရောက်တိုင်း တပ်မတော်သားဘဝကို လွမ်းသည်။ လုပ်ဖော်ကိုင်ဖက် သေဖော်ရှင်ဖက်များကို လွမ်းသည်။ စစ်ဆင်ရေးတာဝန်ဖြင့် ရောက်ရှိခဲ့သောနေရာဒေသများကို လွမ်းသည်။ သို့သော်...လွမ်းနေရုံနှင့်မပြီး၊ စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာကရဏာကမ္ဘာသည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသော၊ တပ်မတော်၏ကျေးဇူးတရားများကို နားလည်သော စစ်သားဟောင်း၊ စစ်သမီးဟောင်းကြီးများ နားခိုရာ၊ ကျဆုံး/ ဒဏ်ရာရစစ်သည်မိသားစုများ ကွန်းခိုရာ ဘူမိနက်သန်အဖြစ်လည်း ရှုမြင်ရပေမည်။

တပ်မတော်၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းအမွေပေးသောနေရာအဖြစ်လည်း မှတ်ယူရပေမည်။ ကရဏာကမ္ဘာအဓွန့်ရှည်ပါစေ၊ အဘိုးအဘွားများလည်း အသက်ရှည်ကြပါစေ၊ ကုသိုလ်ရှင်၊ အလှူရှင်၊ စေတနာရှင်များကလည်း အာဟာရဒါနပြု၍ ကုသိုလ်ယူနိုင်ကြပါစေ။ ။

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးသူ ညိမ်းညို၏ **"မခန်းသောမြစ်နှင့် အခြားဝတ္ထုတိုများ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို (၁၄) ပုဒ် ပါဝင်သည်။ အကြောင်းရပ်နယ်ပယ် စုံလင်၍ အရေးအဖွဲ့ သေသပ်ကောင်းမွန်သည်။ လူ့စရိုက်မျိုးစုံကို ပီပီပြင်ပြင် ဖော်ကျူးပြီး ချစ်ခြင်းမေတ္တာကို သိမ်မွေ့စွာဖွဲ့ဆို၍ လောကကြီး အမြီးအမောက်မတည့်မှု အချို့ကိုလည်း သရော်ထားသည်။ အနုပညာနှင့် အတတ်ပညာကို မျှတစွာပေါင်းစပ်၍ ဝတ္ထုတိုကောင်းတို့၏ အင်္ဂါရပ်နှင့်ညီညွတ်အောင် ပုံဖော်ဖန်တီးထားသော ဝတ္ထုများဖြစ်သည်။ အထူးသဖြင့် ဝတ္ထုတစ်ပုဒ်ဆုံးတိုင်း စာဖတ်သူ ဆက်လက်အတွေးဆန့်နိုင်အောင် အတွေးစ ချန်ထားပေးခြင်းက ဤစာအုပ်၏ ဆွဲဆောင်မှုဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ ကျမ်းစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ခင်ဇေ (စက်မှု)၏ **'ခေတ်ဟောင်းမြန်မာ့တေးဂီတ အနုပညာဖြင့် တိုင်းပြည်ကို အလှဆင်ခဲ့ကြသူများ'**စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်၌ သမိုင်းအစဉ်အလာ ခေတ်ဟောင်းမြန်မာ့တေးဂီတ အနုပညာနယ်ပယ်တွင် ကျင်လည်လှုပ်ရှား ရေပန်းစား လူသိများခဲ့ကြသော တေးဂီတအနုပညာရှင် (၅၅) ဦးတို့၏ ကိုယ်ရေးအကျဉ်း၊ အနုပညာစွမ်းရည်များကို အကိုးအကား အထောက်အထား (၁၉) စောင်ထဲမှ ရှာဖွေစုစည်းပြုစုထားခြင်းဖြစ်သည်။ မျိုးဆက်သစ်များအနေဖြင့်လည်း လေ့လာဆည်းပူး စံပြုနည်းယူစရာများ၊ မှတ်သားအားကျ လိုက်နာကျင့်သုံးဖွယ်ရာများလည်း ပါရှိသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆုပြဇာတ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ နေစိုးသော်၏ "ချစ်ပန်းမှုံ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် မြေလတ်ပိုင်း မြို့ငယ်တစ်ခုနှင့် ရွာကလေးတစ်ရွာကို အခြေပြုထားသည့် ပြဇာတ်ဖြစ်ပြီး အခန်း (၁၇) ခန်း၊ ပြကွက် (၅၁) ခုဖြင့် ရေးဖွဲ့ထားသည်။ ရွာကလေးမှ မပန်းမှုံသည် ပန်းနှင့်ဟင်းသီးဟင်းရွက်များကို မြို့သို့ သွားရောက်ရောင်းချကာ မိခင်ကြီးကို လုပ်ကျွေးလျက် ရှိသည်။ မီးလောင်ဒဏ်ရာများကြောင့် မိခင်ကြီး ဒေါ်သူဇာကို စုန်းမကြီး ဒေါ်အိုဇာဟု ယိုးစွပ်ကြပြီး မပန်းမှုံကိုလည်း စုန်းမလေးဟု သမုတ်ကာ ဝိုင်းပယ်ကြသည်။ ပန်းမှုံ၏ ရိုးသားသောစိတ်၊ လူမှုရေးလုပ်ရပ်များနှင့် ပင်ကိုအလှကို မြို့က ဆရာဝန်၏သား စိုးသူရက တွေ့မြင်နှစ်သက်ပြီး ချစ်ရေးဆိုရာ ချစ်တုံ့ပြန်ချင်သော်လည်း စိုးသူရ၏ မိခင်က ပန်းမှုံနှင့် သဘောမတူ။ သူဌေးသမီး မြသီတာနှင့် ပေးစားချင်သည်။ နှလုံးရောဂါသည်မိခင်ကြီး၏ စိတ်ချမ်းသာမှုအတွက် စိုးသူရက မြသီတာနှင့် လက်ထပ်လိုက်ရသည်။ သို့သော် မြသီတာတို့ အိမ်က အလုပ်သမားနှင့် ဖြစ်ပျက်ခဲ့သည့်ဇာတ်လမ်းပေါ်သွားရာ စိုးသူရ၏ မိခင်မှာ နှလုံးရောဂါနှင့် ကွယ်လွန်ခဲ့သည်။ နောက်ဆုံးတွင် နှလုံးလှသော ပန်းမှုံနှင့် စိုးသူရကို လက်ထပ်ပေးရန် စိုးသူရ၏ ဖခင်ကသဘောတူသည်။ ဇာတ်လမ်းမှာ စုန်းကဝေစသော အစွဲအလမ်းယုံကြည်မှုများကို အမှားအမှန် ခွဲခြားဆင်ခြင်နိုင်ရန် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ပညာပေးရေးသားလေ့ရှိသော ဇာတ်အိမ်မျိုးဖြစ်သော်လည်း ရည်ရွယ်ချက်မြောက်အောင် ဇာတ်ကွက်များဖြင့် ထိရောက်သောကြောင့် စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၅၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆုရရှိသည့် ခိုင်ချစ်အောင်၏ **'ဗီရိယရှိသူ ထိပ်ဆုံးလူ ကလေးကဗျာများ'** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ (၈၀) ပါဝင်သည်။ ထူးခြားချက်မှာ ယခုခေတ် မူကြိုအရွယ်၊ မူလတန်းအရွယ် ကလေးငယ်များ၏ အသက်အရွယ်တွင် ရှေးယခင်က နယ်ပယ်အသီးသီး၌ အလွန်ပင် ထင်ရှားကျော်ကြားအောင်မြင်ခဲ့သော ကလေးငယ်များ ပေါ်ထွန်းခဲ့ကြောင်းကို ထူးခြားသော အတွေးအမြင်ဖြင့် ဖွဲ့ဆိုတင်ပြထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် အသက်ခြောက်နှစ်သား စာရေးဆရာမောင်မောက် နောင်အခါ ရှင်မဟာရဋ္ဌသာရ၊ အသက်ခုနစ်နှစ်သားအရွယ် ခံတော်မောင်ကျပန်း၊ အသက် ကိုးနှစ်အရွယ်ကတည်းက ရတုကဗျာများ ရေးစပ်ခဲ့သည့် စစ်သည်စာဆိုနတ်သျှင်နောင်၊ ငယ်နာမည် မောင်ညို (ခေါ်) ရှင်မဟာသီလဝံသ၊ ငယ်နာမည် မောင်ဥက္ကာ(ခေါ်) ရှင်ဥတ္တမကျော်၊ အသက် ၁၃ နှစ်အရွယ်တွင် စစ်သူရဲကောင်းအဖြစ် ထင်ရှားကျော်ကြားခဲ့သော ဇေယျသီဟ (ခေါ်) မင်းရဲကျော်စွာ၊ အသက် ၁၅ နှစ်အရွယ် တပင်ရွှေထီးတို့၏အကြောင်း ဖွဲ့ဆိုထားသော ကဗျာများမှာ ကလေးတို့ နှစ်သက်အတုယူဖွယ်ရာဖြစ်သည်။ ထို့ပြင် အခြားသောကဗျာများမှာလည်း ကလေးတို့၏ အတွေးအခေါ် အသိအမြင်များ ရင့်ကျက်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့ကိုယ့်တိုင်းပြည်ကို မြတ်နိုးတွယ်တာချစ်ခင်လာစေရေးတို့ကို ထိရောက်ပီပြင်စွာ ဖွဲ့ဆိုထားသည်ကို တွေ့ရှိရသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ) တတိယဆုရရှိသည့် ဒေါက်တာ ချိုနိုင် (အေးချမ်းရိပ်) ၏ **'အလေးအနက်ထားစရာ လျစ်လျူရှုခံရောဂါများ'** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် လျစ်လျူရှုခံရောဂါအမျိုးပေါင်း ၂၀ ရှိသည့်အနက် အရေပြားရောဂါဖြစ်သော ဘူးရီလာအရေပြား အနာရောဂါ၊ အနာကြီးရောဂါ၊ ဝဲရောဂါ၊ ယောရောဂါ၊ လစ်ရှ်မာနီယပ် အရေပြားရောဂါ၊ မြစ်ကမ်းနား မျက်စိကွယ်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ အနာအိုင်ရောဂါနှင့် ယားယံခြင်းကိုဖြစ်စေသော ခရုကိုက်ရောဂါ၊ သန်လုံးကောင်ရောဂါ၊ တုပ်ကောင်ရောဂါ စသည်တို့၏ ရောဂါတစ်ခုချင်းအလိုက် ရောဂါပိုး၊ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပုံတို့ကို ပြည့်စုံစွာ ဖော်ပြထားသည်။ အဆိုပါ Neglected Tropical Disease ခေါ် လျစ်လျူရှုခံရောဂါအမျိုးပေါင်း ၂၀ မှာ ကမ္ဘာတစ်ဝန်းအဖြစ်များနေသည့်တိုင် ကာကွယ်တိုက်ဖျက်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေပုံစသည်တို့ကို ရောဂါတိုက်ဖျက်ရေးရှုထောင့်မှ တတ်စွမ်းသမျှ ဖော်ထုတ်ရေးသားထားသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၀၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၂၃ ခုနှစ်၊ စာပေ ဗိမာန်စာမူဆု၊ စာပဒေသာ တတိယဆုရ စာရေးသူ မောင်လှကျော် (ပန်းတောင်း) ၏ "ရွှေဂေဟာမှူး၏ ပေးကူလမ်းပြ ဘ၀မြေပြင်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ထိုစာအုပ်သည် ပရဟိတဂေဟာတစ်ခု ထူထောင်ရသည်မှာ တဒင်္ဂတစ်ခဏအလုပ်မျိုး မဟုတ်၊ နှစ်ပေါင်းရှည်ကြာ ရေရှည်လုပ်ငန်းဖြစ်သည့် အလျောက် ကြီးမားသောဆန္ဒ၊ ခိုင်မြဲသောစေတနာ၊ မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် ထူထောင်ပါမှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ရေးသားထားသော စာအုပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတို့၏ မေတ္တာ၊ စေတနာသဒ္ဓါတရားတို့၏ ပြယုဂ်ဖြစ်သော "ပရဟိတဂေဟာ" များစွာ ပေါ်ထွက်လာသည်မှာ ကြိုဆိုဝမ်းသာပီတိဖြစ်ရခြင်း အကြောင်းအရာ တစ်ခုဖြစ်သည်။ ထိုသို့ ပရဟိတဂေဟာများ ထူထောင်ရာတွင် တွေ့ရှိလာရသော အခက်အခဲ၊ ကြုံဆုံရသော ဒုက္ခတို့ကို ရင်ဆိုင်ကျော်လွှား၍ အောင်မြင်မှုပန်းတိုင် ရောက်အောင် ထားရှိခဲ့သော မြန်မာ့စေတနာများကို ကောင်းမွန်စွာဖော်ဆောင်နိုင်ခဲ့သော စာပဒေသာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၉ သို့*

# ၂၀၂၆ ခုနှစ် မတ်လအတွင်း (၁-၃-၂၀၂၆ ရက်နေ့မှ ၁၅-၃-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | - | - | ကောင်းမွန် | | | - |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သရက်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | - | - | ကောင်းမွန် | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ကျိုင်းတုံမြို့ | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ | - | - | - | - | - |
| | ၃ | တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ | - | - | - | - | - |
| | ၄ | မိုင်းဆတ်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index–AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

*စာမျက်နှာ ၁၈ မှ*

## စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ‘နှစ်ငါးဆယ်သယ်ယူပို့ဆောင်ရေး’ စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းကြီး (စာပေဗိမာန်) က ပထမအကြိမ် ထုတ်ဝေခဲ့သည့် ၁၉၀၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ နှစ်ငါးဆယ်အတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်မှုများကို ယနေ့ခေတ်ပြည်သူလူထု သိရှိလေ့လာနိုင်ရန်နှင့် ဗဟုသုတဖြစ်စေရန်အတွက် ‘နှစ်ငါးဆယ်သယ်ယူပို့ဆောင်ရေး’ စာအုပ်ကို စာပေဗိမာန်က ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

ထိုသို့ပြန်လည်ထုတ်ဝေရာတွင် မြန်မာစာလုံးပေါင်းသတ်ပုံများကို မြန်မာစာအဖွဲ့၏ သတ်ပုံကျမ်းပါ စာလုံးပေါင်းအတိုင်း ပြင်ဆင်သည်မှအပ နိုင်ငံခြားဝေါဟာရများကို မူရင်းစာအုပ်ပါအတိုင်း ပြန်လည်ဖော်ပြထားပါသည်။ အဆိုပါစာအုပ်တွင် မော်တော်ကားများ ပေါ်ပေါက်လာပုံ၊ သယ်ယူပို့ဆောင်ရေးတွင် ခေတ်သစ်ရောင်ခြည်ပေါ်ထွန်းခဲ့ပုံ၊ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းခဲ့ခြင်း၊ မော်တော်ကားများ အထူးခေတ်စားလာပုံ၊ လင်းဗတ်ချီးကျူးခြင်းခံရပုံနှင့် ၂၀ စုနှစ် ကူးသန်းသွားလာရေး စသည်ဖြင့် တိုးတက်လာသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍများကို စုစည်းဖော်ပြထားပါသည်။

စာအုပ်တွင် စာမျက်နှာ (၁၁၁) မျက်နှာပါဝင်ပြီး အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၀၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

တိုင်ကြားနိုင်သည့် ဖြစ်ရပ်များ
- ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေ ထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ
- အိမ်တွင်း အကြမ်းဖက်မှု
- သက်ငယ်မုဒိမ်းမှု
- ကျားမ အခြေပြုအကြမ်းဖက်မှု
- ကလေးသူငယ်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို ကိစ္စရပ်များ

၂၄ နာရီ Helpline ဝန်ဆောင်မှု

1566

တိုင်ကြားမှုများအား ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး အကူအညီပေးသွားမည်

တိုင်ကြားသူ၏ သတင်းအချက်အလက် မပေါက်ကြားစေရေးကို အထူးအလေးထား ကာကွယ်ပေးသွားပါမည်။



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀
( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


❖ ကျောဖုံးမှ

ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်တွင် ဘားအံမြို့နယ် ဒုံသမိတံတား၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်တွင် မုံရွာမြို့နယ် ဗဒုံရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။







ဧရာဝတီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၅ ရက်တွင် အင်္ဂပူမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၀၉၆ တန်၊ အခြားသစ် ၅ ဒသမ ၇၈၉ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၈၁၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၄၀၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၆၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၉၂၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် မတ် ၅ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၁) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၇၉၄၁၆၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြန်မာ့လက်ဖက်ယဉ်ကျေးမှုအစဉ်အလာနှင့် အမျိုးသားရေးအမွေအနှစ် ကမ္ဘာ့အဆင့်မီထွန်းကားရေး

လွန်းပိုးအိမ်

မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့လေတို့၏ သဘာဝဓာတ်ခံအင်အားဖြင့် ပေါင်းစပ်ဖြစ်ထွန်းလာသော လက်ဖက်သည် မြန်မာလူမျိုးတို့၏ နေ့စဉ်လူမှုဘဝတွင် ခွဲခြား၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ "စားတော့လက်ဖက်၊ ပွင့်တော့ခရေ" ဟူသော ရှေးဆိုရိုးစကားနှင့်အညီ လက်ဖက်သည် မြန်မာတို့၏ ညွှတ်ဝတ်ကျေပွန်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုတို့၏ ပြယုဂ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် လက်ဖက်ကို သောက်စရာအဖြစ်သာမက စားစရာ (အစာအာဟာရ) အဖြစ်ပါ ထူးခြားစွာ စားသုံးတတ်သည့် တစ်ခုတည်းသော နိုင်ငံအဖြစ် မြန်မာနိုင်ငံသည် ဂုဏ်ယူဖွယ်ရာ ရပ်တည်လျက်ရှိရာ ဤရိုးရာဓလေ့ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမည်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

### မြန်မာ့လက်ဖက်သမိုင်းကြောင်းနှင့် အစဉ်အလာ

ပုဂံခေတ် အလောင်းစည်သူမင်းကြီးလက်ထက်မှစ၍ လက်ဖက်မျိုးကို စတင်ရရှိခဲ့သည်ဟူသော သမိုင်းမှတ်တမ်းများအရ မြန်မာ့လက်ဖက်သည် နှစ်ပေါင်းထောင်ချီ သက်တမ်းရှိခဲ့ပြီဖြစ်သည်။ မင်းခမ်းမင်းနားများတွင် လက်ဖက်အုပ်သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သလို ကျေးလက်ဒေသများတွင်လည်း ရိုးရာဓလေ့တစ်ခုအဖြစ် အစဉ်အလာကြီးမားစွာ တည်ရှိခဲ့ပါသည်။

### နယ်မြေဒေသနှင့် ရာသီဥတု၏ ပေါင်းစပ်မှု

ရှမ်းကုန်းပြင်မြင့်၏ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော် မြင့်မားသော အရပ်ဒေသများမှ ထွက်ရှိသော လက်ဖက်သည် ထူးခြားသော အရသာနှင့်ရနံ့ကို ပေးစွမ်းသည်။ အေးမြသော ရာသီဥတုနှင့် သဘာဝအတိုင်း ဖြစ်ထွန်းသော မြေဆီလွှာတို့သည် မြန်မာ့လက်ဖက်ကို ကမ္ဘာ့အဆင့်မီ အရည်အသွေးဖြစ်စေခဲ့ပါသည်။

### လက်ဖက်မျိုးစိတ်များနှင့် စိုက်ပျိုးရေးစနစ်

မြန်မာနိုင်ငံတွင် စိုက်ပျိုးသော လက်ဖက်မျိုးစိတ်များသည် ဒေသရင်းမျိုးစိတ်များဖြစ်ပြီး ရိုးရာစိုက်ပျိုးနည်းစနစ်များနှင့် ခေတ်သစ်သိပ္ပံနည်းကျစိုက်ပျိုးရေးပညာရပ်များကို ပေါင်းစပ်၍ အရည်အသွေးမြင့် လက်ဖက်ပင်များ စိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

### ရိုးရာလက်ဖက်ခူးဆွတ်မှု အနုပညာ

လက်ဖက်ခူးဆွတ်ခြင်းသည် အတတ်ပညာတစ်ခုဖြစ်သည်။ နွေဦး၏ ပထမဆုံးထွက်ရှိသော "ရွှေဖီဦး" လက်ဖက်ညွန့်များကို ဂရုတစိုက်ခူးဆွတ်ခြင်းဖြင့် အကောင်းဆုံးသော အရသာနှင့်အနံ့ကို ရရှိစေရန် ရိုးရာလက်ဆင့်ကမ်း အတတ်ပညာရှင်များက စနစ်တကျ လုပ်ဆောင်ခဲ့ကြပါသည်။

### လက်ဖက်စို (အချဉ်ဖောက်လက်ဖက်) ပြုလုပ်ပုံ အဆင့်ဆင့်

လက်ဖက်ကို ရေနွေးငွေ့ဖြင့် ပေါင်းခြင်း၊ နယ်ခြင်းနှင့် မြေကျင်းများ သို့မဟုတ် ပီပါများတွင် စနစ်တကျဖိသိပ်၍ အချဉ်ဖောက်ခြင်း လုပ်ငန်းစဉ်သည် မြန်မာတို့၏ ထူးခြားသော နည်းပညာဖြစ်သည်။ ဤနည်းဖြင့် ရရှိလာသော လက်ဖက်စိုသည် ကမ္ဘာပေါ်တွင် မြန်မာ့ဟန်အဖြစ် ထင်ရှားလှပါသည်။

### လက်ဖက်ခြောက် ထုတ်လုပ်မှုနှင့် အဆင့်အတန်း

လက်ဖက်ခြောက်ထုတ်လုပ်ရာတွင်လည်း လက်ဖက်စိမ်းနှင့် လက်ဖက်ခြောက်ဟူ၍ ခွဲခြားထုတ်လုပ်ပြီး အရည်အသွေးစံနှုန်းအလိုက် အဆင့်အတန်းများ သတ်မှတ်ကာ ပြည်တွင်း ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

### ငြိမ်းချမ်းရေး၏ ပြယုဂ် "လက်ဖက်ကမ်းခြင်း"

ရှေးအခါက မြန်မာ့ဓလေ့တွင် အမှုအခင်းများ ပြေငြိမ်းပြီးနောက် နှစ်ဖက်မိဘ၊ ဆွေမျိုးများရှေ့မှောက်၌ လက်ဖက်စားခြင်းဖြင့် အငြင်းပွားမှုများကို အပြီးတိုင်အဆုံးသတ်ခဲ့ကြကြောင်း သိရသည်။ ထို့ကြောင့် လက်ဖက်သည် ပြန်လည်သင့်မြတ်ခြင်းနှင့် ငြိမ်းချမ်းရေး၏ ပြယုဂ်ဖြစ်သည်။

### လူမှုဆက်ဆံရေးနှင့် လက်ဖက်ဝိုင်း

ဧည့်သည်လာလျှင် လက်ဖက်နှင့် တည်ခင်းဧည့်ခံခြင်းသည် မြန်မာတို့၏ အစဉ်အလာဖြစ်သည်။ လက်ဖက်ရည်ဝိုင်း သို့မဟုတ် လက်ဖက်သုပ်ဝိုင်းသည် လူမှုအသိုက်အဝန်းအတွင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ရာ အချက်အချာကျသောနေရာလည်း ဖြစ်ပါသည်။

### ဗုဒ္ဓဘာသာနှင့် လက်ဖက်ယဉ်ကျေးမှု

အလှူအတန်း၊ မင်္ဂလာပွဲများနှင့် ဘာသာရေး အခမ်းအနားများတွင် လက်ဖက်ကို ဦးဦးဖျားဖျား လှူဒါန်းပူဇော်ပြီး ဧည့်ပရိသတ်ကို တည်ခင်းဧည့်ခံခြင်းသည် ကုသိုလ်တရားနှင့် ယဉ်ကျေးမှုကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။

### ဆေးဖက်ဝင် အာနိသင်နှင့် ကျန်းမာရေး

လက်ဖက်တွင်ပါဝင်သော ပိုလီဖီနောနှင့် Antioxidant များသည် ခန္ဓာကိုယ်၏ ခုခံအားကို မြှင့်တင်ပေးပြီး ကင်ဆာရောဂါကာကွယ်ခြင်း၊ သွေးတွင်းအဆီဓာတ်ကို လျှော့ချခြင်းနှင့် အစာကျေညက်စေခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်ပါသည်။

### အာဟာရတန်ဖိုးနှင့် တွဲဖက်စားသုံးမှု

မြန်မာ့လက်ဖက်သုပ်တွင် နှမ်း၊ မြေပဲ၊ ကြက်သွန်ဖြူ၊ ပုစွန်ခြောက်နှင့် ဆီတို့ ပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်နှင့် ဗီတာမင်ဓာတ်များကို မျှတစွာ ရရှိစေသည့် အာဟာရပြည့် အစားအစာဖြစ်ကြောင်း သိရှိရပါသည်။

### မြန်မာ့လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှု

နံနက်ခင်း၏ စွမ်းအင်နှင့် လူမှုပေါင်းစည်းမှုကို ဖန်တီးပေးသော လက်ဖက်ရည်ဆိုင်များက မြန်မာ့မြို့ပြလူနေမှုစနစ်တွင် ထင်ရှားသော လက္ခဏာတစ်ခုဖြစ်ပြီး အဆင့်အတန်းမရွေး တွေ့ဆုံနိုင်သောနေရာများ ဖြစ်ပါသည်။

### စီးပွားရေးနှင့် ပြည်ပပို့ကုန် အလားအလာ

လက်ဖက်သည် နိုင်ငံတော်အတွက် အရေးပါသော စီးပွားဖြစ်သီးနှံဖြစ်ပါသည်။ မြန်မာ့လက်ဖက်ကို အဆင့်မြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲကာ ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် အလားအလာကောင်းများစွာ ရရှိနိုင်ပါသည်။

### အစားအစာ ဘေးကင်းလုံခြုံရေး (Food Safety)

စားသုံးသူများအတွက် ဘေးကင်းစိတ်ချရစေရန် ဓာတုဆိုးဆေးများ ကင်းစင်စေရေးနှင့် သန့်ရှင်းလတ်ဆတ်သော ထုတ်လုပ်မှုစနစ်များ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်ကစံနှုန်းများ သတ်မှတ်၍ ထိန်းကျောင်းလျက်ရှိသည်ကိုလည်း သိရှိရပါသည်။

### တောင်သူများ၏ လူမှုစီးပွားဘဝ

လက်ဖက်စိုက်တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ အောင်မြင်မှုပင် ဖြစ်ပါသည်။ သင့်တင့်မျှတသော ဈေးကွက်နှင့် နည်းပညာပံ့ပိုးမှုများက တောင်သူတို့၏ဘဝကို မြှင့်တင်ပေးနိုင်ပါသည်။

### ခေတ်သစ်ထုပ်ပိုးမှုနှင့် ဈေးကွက်မြှင့်တင်ရေး

ခေတ်မီဆန်းသစ်သော ထုပ်ပိုးမှုစနစ်များဖြင့် လက်ဖက်ထုတ်ကုန်များကို ဆွဲဆောင်မှုရှိစေပြီး အဆင့်မြင့်ထုတ်ကုန်အဖြစ် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် Branding လုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရမည် ဖြစ်ပါသည်။

### ကမ္ဘာ့အမွေအနှစ်အဖြစ် ရည်မှန်းချက်

မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို ယူနက်စကို (UNESCO) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရစေရန် ကြိုးပမ်းခြင်းဖြင့် မြန်မာ့ဂုဏ်ကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

### သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး

မျိုးကောင်းမျိုးသန့်များရရှိရေး၊ ပိုးမွှားဒဏ်ခံနိုင်ရေးနှင့် အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် သိပ္ပံနည်းကျ သုတေသနပြုမှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်ဖက်ကဏ္ဍကို ဖွံ့ဖြိုးစေပါသည်။

### ရာသီဥတုပြောင်းလဲမှုနှင့် စိန်ခေါ်မှုများ

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် လက်ဖက်စိုက်ခင်းများအပေါ် သက်ရောက်နိုင်သည့် ဘေးထွက်ဆိုးကျိုးများကို ကြိုတင်ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးရန်လိုအပ်မည် ဖြစ်ပါမည်။

### မျိုးဆက်သစ်တို့၏တာဝန်နှင့် လက်ဆင့်ကမ်းမှု

နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့သည့် မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို မျိုးဆက်သစ်လူငယ်များက တန်ဖိုးထား မြတ်နိုးစွာဖြင့် ခေတ်နှင့်အညီ ဆန်းသစ်တီထွင်ကာ ဆက်လက်လက်ဆင့်ကမ်းသယ်ဆောင်သွားရမည် ဖြစ်ပါသည်။

ဆိုရပါလျှင် မြန်မာ့လက်ဖက်သည် သာမန်စားသုံးကုန်တစ်ခုထက်မက မြန်မာ့ဝိညာဉ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့စေတနာတို့ ကိန်းအောင်းနေသော အမျိုးသားရေးအမှတ်အသားတစ်ခု ဖြစ်ပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးမှုပုံစံ၊ ခေတ်မီသော ထုတ်လုပ်မှုနည်းစနစ်များနှင့် ပေါင်းစပ်ကာ မြန်မာ့လက်ဖက်ကို ကမ္ဘာ့အဆင့်မီ ထုတ်ကုန်တစ်ခုအဖြစ် မြှင့်တင်သွားကြရမည်ဖြစ်သည်။ သို့မှသာ လေးနက်သော သမိုင်းအစဉ်အလာရှိသည့် မြန်မာ့လက်ဖက်သည် ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ဆောင်အမွေအနှစ်တစ်ခုအဖြစ် ထာဝစဉ်ဝင့်ထည်နေမည် ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။ ။

**❊ လက်ဖက်ကို ရေနွေးငွေ့ဖြင့် ပေါင်းခြင်း၊ နယ်ခြင်းနှင့် မြေကျင်းများ သို့မဟုတ် ပီပါများတွင် စနစ်တကျဖိသိပ်၍ အချဉ်ဖောက်ခြင်း လုပ်ငန်းစဉ်သည် မြန်မာတို့၏ ထူးခြားသော နည်းပညာဖြစ်သည်။ ဤနည်းဖြင့် ရရှိလာသော လက်ဖက်စိုသည် ကမ္ဘာပေါ်တွင် မြန်မာ့ဟန်အဖြစ် ထင်ရှားလှ**

**❊ မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို ယူနက်စကို (UNESCO) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရစေရန် ကြိုးပမ်းခြင်းဖြင့် မြန်မာ့ဂုဏ်ကို မြှင့်တင်နိုင်**

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊\

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သထုံခရိုင်တရားရုံးတော်
ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ Botahtaung Time Square အိမ်ရာရှိတိုက်အမှတ်(A-1)၊အခန်းအမှတ်(၅၀၃)ကို ဝယ်ယူထားသူ ဦးမင်းသိဏ်းကျော် (ခ)ဒတ်သာသရီးယား ၁၂/ဗတထ(နိုင်)၀၃၃၈၃၃ မှ ၎င်း၏ အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ လျှောက်ထားလာသည့်အတွက် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/၁ ရွှေပေါက်ကံ စက်မှုဇုံ)၊ မြေကွက်အမှတ် (၁၄၄)၊ မြေဧရိယာ (၂၇၅၂-စတုရန်းပေ)၊ မြေကွက်တည်နေရာအမှတ် (၁၄၄)၊ ကနောင်(၆)လမ်း၊ (၁၉/၁ ရွှေပေါက်ကံ - စက်မှုဇုံ)၊ ဦးသန်းမောင် ၁၂/ဥကမ(နိုင်)၁၁၈၁၇၉၊ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးသန်းမောင်မှ မြေစာရင်းမှတ်ချက်ရှိ ၁၄-၁-၂၀၂၄ရက်တွင် ဘဏ်ချေးမြေပုံ မြေရာဇဝင်မူရင်းသည် ဘဏ်မချေးသဖြင့် ၎င်းဘဏ်ချေးရန် မြေပုံပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်း မရှိပါကြောင်း၊ ၎င်းမြေကွက်နှင့် ပတ်သက်ဖြစ်ပေါ်လာသော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ အမှတ်-၁၇၁၉၉/(၃၀-၁၂-၂၀၂၅)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၈၇၆၀၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၀၀၅၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ (၂) လမ်း၊ မြေကွက်အမှတ် (၃၄၄) ဟုခေါ်တွင်သော ဦးစောညွန့် ၁၂/ဒပန(နိုင်)၀၀၄၉၇၆ နှင့် ဦးမျိုးညွန့် ၁၂/ဒပန(နိုင်)၀၀၄၆၀၁ တို့ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ပေါ် ဆောက်လုပ်ထားသော (၅) ထပ်တိုက်အဆောက်အအုံ၏ ပဉ္စမထပ် (၅ လွှာ)ခြေရင်းခန်း၊ အကျယ်အဝန်း(အလျား ၁၂ ပေခွဲ x အနံ ပေ ၅၀)ရှိ တိုက်ခန်း(၁)ခန်းနှင့် အဆက်စပ်အရောင်းအဝယ်စာချုပ်မူရင်းများ အပါအဝင် ယင်းတိုက်ခန်း နှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးမျိုးဇော်ဝင်း ၇/ဝမန(နိုင်)၀၈၁၇၂၅နှင့် ဒေါ်ခင်လှိုင်ဆွေ ၁၂/ဒပန(နိုင်)၀၀၃၀၁၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကန့်ကွက်ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၅၀၅)**
**အမှတ် (၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/ အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/6653 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/၁ ရွှေပေါက်ကံ-စက်မှုဇုန်)၊ မြေကွက်အမှတ်(၁၄၃)၊ မြေဧရိယာ (၂၇၅၂- စတုရန်း ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၄၃)၊ ကနောင်(၆)လမ်း၊ (၁၉/၁ရွှေပေါက်ကံ – စက်မှုဇုံ)၊ ဒေါ်သောင်းတင် ၁၂/ဥကမ(နိုင်)၀၀၇၃၅၅ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းတင်မှ မြေစာရင်းမှတ်ချက်ရှိ ၇-၆-၂၀၀၅ရက်တွင် ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားခဲ့ပါကြောင်း အဆိုပါ ဘဏ်ချေးမြေပုံ မြေရာဇဝင်မူရင်းသည်ဘဏ်မချေးသဖြင့် ၎င်းဘဏ်ချေးရန် မြေပုံပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းမရှိပါကြောင်း၊ ၎င်းမြေကွက်နှင့် ပတ်သက်ဖြစ်ပေါ်လာသော ကိစ္စအဝကို တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ် – ၁၇၂၀၀/ (၃၀-၁၂-၂၀၂၅) ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်ထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် ။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ်(၁၅၇)၊ မြေဧရိယာ (၃ ဒသမ ၁၈၂)ဧက အကျယ်အဝန်းရှိ၊ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား (ခြံစည်းရိုးကာရံပြီး) မြေချည်းသက်သက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူများ ဖြစ်ကြသော အီလ်ရာဇ်(ခ) ဦးစိုးမြင့် ၉/မထလ(နိုင်)၀၄၃၁၉၇ နှင့် ဦးနေလင်းစိုး ၉/အမဇ(နိုင်)၀၂၀၈၃၁ တို့နှစ်ဦးထံမှ ဝယ်ယူရန် စရန်ငွေပေးပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၇၅၁၅)** |
| **အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ်–၁၂၂၊ ၂–လမ်း အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း–၀၉–၅၁၇၁၄၃၃** | **ဖုန်း–၀၉၈၆၃၅၁၂၂၊ ၀၉၂၅၄၄၈၈၃၃၀** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စယ/၄၂၉၉၁ Yunde–110ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၂/မရက(နိုင်) ၁၀၉၀၄၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင် စာအုပ်ပျောက်

ဦးရန်မျိုးနိုင် (ဘ) ဦးစိုးမြင့် ၁၂/လသန(နိုင်)၀၀၀၉၇၀ ၏ 8H/7281 Micro Bus ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း–၀၉–၄၂၈၆၁၁၇၉၇

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ အမှတ်(၆) ရပ်ကွက်နေ အထက(ခွဲ)(Grade–9) ကြာအင်းဆိပ်ကြီးမှ မောင်အောင်ဟိန်းသူ ၏ မိဘအမည်မှန်မှာ စောစေးအယ် ၃/ကဆက(နိုင်)၀၄၀၄၆၅ နှင့် မပွင့်ဖူးဝေ ၃/ကဆက(နိုင်) ၀၆၅၃၃၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6W/80277 Honda Wave NF110 ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) အမည်ပေါက်သူ ဒေါ်ရှဲဘိ ၁၃/ကတန(နိုင်)၀၅၄၅၆၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**
**ကျိုင်းတုံမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ [မြေစာရင်းမြေတိုင်းအမှတ် ၄၀၀/B၊ မြေကွက်အမှတ် (၁၀၆/က)၊ ဦးကျော်–မလှကြီးအမည်ပေါက် ဘိုးဘွားပိုင်မြေအတွင်း] ယခု စဉ့်ငူရပ်ကွက်၊ စိုက်ပျိုးရေး (၁)လမ်း၊ မြေကွက်အမှတ်–၉၆၊ မြေအကျယ်ပေ အလျား အရှေ့ ၂၆ပေ အနောက် ၁၉ပေနှင့် အနံ ၉၅ပေ ရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ် နေအိမ်နှင့် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်ဝယ်ယူလက်ရှိထား နေထိုင်ပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဦးအာကာအောင် ၁၂/အစန(နိုင်)၁၈၇၆၃၂ က ကာလတန်ဖိုးဖြင့် ရောင်းချရန် ကမ်းလှမ်းလာမှုအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သီသီနိုင်ဦး ၁၁/စတန(နိုင်)၀၇၇၃၀၇ က အပြီးအပိုင် ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယခု အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်သီသီနိုင်ဦးထံသို့ဖြစ်စေ မူရင်းစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်သီသီနိုင်ဦး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဖုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ် – ၁၆၇၃၃)**
**တိုက်(B–2)၊ အခန်း (၅၀၅)၊ ရွာမအနောက်ရပ်ကွက်၊**
**ချမ်းမြေ့စည်ပင်ဝင်း(၁)၊ အင်းစိန်မြို့နယ်၊**
**ဖုန်း–၀၉–၉၇၁၈၉၀၃၇၂၊ ၀၉–၉၈၀၉၇၆၈၆၇**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့နယ်၊ ကျောက်ကြီးစုရပ်ကွက်၊ သစ်စက်လမ်း၊ အမှတ်(၂၄)နေ ကျွန်မ ဒေါ်အိအိဖြိုး (ဘ) ဦးသောင်းတင် ၇/ပခန(နိုင်)၃၃၆၂၃၈ နှင့် ဦးအောင်ကိုလတ် (ဘ) ဦးမျိုးနိုင် ၇/ပခန(နိုင်)၃၄၈၁၄၀တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၁၅–၃–၂၀၂၆ ရက်တွင် အသိသက်သေများရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ဦးအောင်ကိုလတ်နှင့် သက်ဆိုင်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အိအိဖြိုး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြင်းခြံမြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂

| | | |
|---|---|---|
| ကိုကျော်သက်ပိုင် | နှင့် | မမာလာထွေး |
| **တရားလို** | | **တရားပြိုင်** |

မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အပိုင်း(၃)နေ တရားပြိုင် မမာလာထွေး (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

တရားပြိုင် မမာလာထွေး သင့်အပေါ်၌ တရားလို ကိုကျော်သက်ပိုင်က "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းအောင်ကျော်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြင်းခြံမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်၊ မြို့မဈေးရှိ ဆိုင်ခန်းအမှတ်(ရ/၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၁၇) (၁၀ ပေ x ၁၀ ပေ) ဆိုင်ခန်း(၅)ခန်းအား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | – | ၁၇–၃–၂၀၂၆ ရက်၊ (အင်္ဂါနေ့) |
| ၃။ | **တင်ဒါပိတ်ရက်** | – | ၃၁–၃–၂၀၂၆ ရက်(၁၅:၀၀)နာရီ |
| ၄။ | **တင်ဒါပေးသွင်းမည့်နေရာ** | – | ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း–၀၆၇–၃၄၀၈၃၆၉၊ ၀၆၇–၃၄၀၈၂၀၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ–၆၁၁၁)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ ဒေါ်ပိုက်ပိုက်ဝင်း(ဘ)ဦးဝင်းမြင့် ၉/မသန(နိုင်)၁၀၇၉၈၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ပိုက်ပိုက်ဝင်း မှဒေါ်အေးမာလင်း (ဘ) ဦးမိုးဝင်း ၉/ကပတ(နိုင်)၂၅၉၃၉ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၁၉/ဘီ)တိုက်၏ဂိုလ္လာ/ဘီ၊ အကျယ်အဝန်း ပေ(၁၈x၅၅) ရှိ သောတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက် ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်လီရင်ရင်(ခ)မရင်ရင်၁၂/ကတတ(နိုင်)၀၂၄၇၆၂ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မာလာမြင့် ၁၂/ဒဂန(နိုင်)၀၂၇၃၃၀မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုးထွန်း (LL.B )၊**
**အထက်တန်းရှေ့နေ (စဥ်–၃၂၄၄၆)**
**ဖုန်း–၀၉–၂၅၃၃၆၇၅၄၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေဧရိယာ(၀ ဒသမ ၀၈၂)ဧကရှိ ဦးမောင်မောင်ဇော် ၉/စကန(နိုင်)၀၀၀၁၃၀နှင့် ဇနီးဖြစ်သူ ဒေါ်မော်မော်လွင်စိုး ၇/ဖမန(နိုင်)၀၁၈၂၈၀ တို့နှစ်ဦးအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ–၃)ကို ဇနီးဖြစ်သူ ကွယ်လွန်သွားသဖြင့် ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဇော် က ယင်းတစ်ဦးတည်းအမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ၊ ဆည်ကြီးကျေးရွာနေ (ဦးမောင်ညို) နှင့် ဒေါ်ချိုချိုဝင်း ၈/တတက(နိုင်)၁၉၁၉၅၁ တို့၏သား မောင်အေးမင်းထွေး ၈/တတက(နိုင်)၂၃၃၉၂၅သည် မိခင်ကြီး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘကြီးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်အေးမင်းထွေးနှင့် ပတ်သက်သည့် ကိစ္စအဝဝအား မိခင်ကြီးမှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိခင် – ဒေါ်ချိုချိုဝင်း**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ တောင်သာအုပ်စု၊ မြို့ဦးကျေးရွာနေ (အမိ) ဒေါ်စန်းစန်းရီ၏သား မောင်ဇေယျာလင်း ၉/ပမန(နိုင်)၁၅၈၇၂၆ သည် မိခင်၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းရီ ၉/ပမန(နိုင်) ၀၈၆၈၅၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## နောင်ချိုမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| မခင်စန္ဒာဝေ | နှင့် | ကိုဝဏ္ဏထွန်း |
| **တရားလို** | | **တရားပြိုင်** |

ပြင်ဦးလွင်မြို့၊ ပြင်ဦးလွင်ကားကြီးကွင်းအတွင်း၊ ချိုလွင်မန်း (ကားဂိတ်) ရပ်နေ ကိုဝဏ္ဏထွန်း (ဘ) ဦးတင်မြင့် သိစေရမည်။

သင့်အပေါ်၌ မခင်စန္ဒာဝေက လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ် ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်နိုင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**နောင်ချိုမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ သစ်တပွေ ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၄/အိုးဘိုစု)၊ ဦးပိုင်အမှတ် (၂၁၃)၊ မြေဧရိယာ (၀ ဒသမ ၀၆၀)ဧကရှိမြေအား ကမ္ဘာ့ရတနာဘဏ် အမည်ဖြင့် မြေငှားဂရန်(အမည် ပြောင်း၊ သက်တမ်းတိုး) ချထားပေးပါရန် စာချုပ်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၇၉၆) တွင်နေ ထိုင်သူ ဒေါ်ပြုံးသန္တာလှိုင် ၉/မခန(နိုင်)၁၆၃၀၂၉ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

Win & Pyone
General Services Company Limited

အထက်ဖော်ပြပါ WIN & PYONE ကုန်အမှတ်တံဆိပ်အား ကျွန်ုပ်တို့၏ မိတ်ဆွေ Win & Pyone General Services Company Limited ၏ ကိုယ်စား ဒေါ်ပြုံးသန္တာလှိုင် ၉/မခန(နိုင်)၁၆၃၀၂၉ မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်ကတည်းက ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်အမှတ်–၉၄၇၇/၂၀၂၆/၁၅၉၇ ဖြင့်မှတ်ပုံတင်ခဲ့ပြီးကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခွင့်ရရှိထားပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေမှ ၎င်းမူပိုင်ခွင့်ရရှိထားသည့် WIN & PYONE အမည်ဖြင့် မိမိတို့ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သည့် ကိစ္စအဝဝတို့တွင်လည်း ကပ်နှိပ်၊ ရိုက်နှိပ် အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ WIN & PYONE လုပ်ငန်းအမှတ်တံဆိပ်ကို ကျွန်ုပ်တို့ မိတ်ဆွေ၏ Win & Pyone General Services Company Limited မှ လွှဲ၍ မည်သူမဆို ဆင်တူယိုးမှား အတုအပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြရန် သတိပေး တားမြစ်အပ်ပါသည်။ ထိုကဲ့သို့ ဆင်တူယိုးမှားတုပ ပြုလုပ်သုံးစွဲခြင်းများတွေ့ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**Win & Pyone General Services Company Limited ၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်ဝင်းထိုက် (LL.B) တရားလွှတ်တော်ရှေ့နေ**
**ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးရှေ့ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၇၂၄၀၂၁၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၉၊ မြေကွက်အမှတ်–၃၅၀၊ ဒေါ်ဆွေဆွေဝင်း ၁၂/စခန(နိုင်) ၀၁၁၀၃၂အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မိုးမိုးရည် ၁၂/ဒဂရ(နိုင်) ၀၁၉၀၀၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B, D.B.L)** | **ဒေါ်မိုးမီမီခိုင် (LL.B, D.B.L)** |
| **(စဥ် – ၅၃၃၆၉)** | **(စဥ် – ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၅၀၀၂၈၁၀၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကြည်ကြည်ညွန့်**

**အသက်(၁၀၄)နှစ်**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်လေးမွန်၏ မိခင်ဖြစ်သူသည် ၁၄-၃-၂၀၂၆ရက် (စနေနေ့) ညနေ ၄ : ၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး
မြန်မာ့သိုင်းဆပ်ကော်မတီ

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

**ဒေါ်ခင်မေစိမ်း @ Nellie Khin Aung**

**အသက်(၇၉)နှစ်**

(ဦးခင်အောင်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးမောင်ညို-ဒေါ်တင်မေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေမိုးကောင်းကွန်ဒိုတိုက်(C)၊ အခန်း(C-304)နေ ဦးလှခိုင် (ရေကြောင်းအင်ဂျင်နီယာအသင်းနာယကအဖွဲ့)၏ ချစ်လှစွာသောဇနီး၊ ဦးအာကာရဲဆန်(AK MG Auto Mobile) ဒေါ်ခိုင်စပယ်(AK Glamorous)၊ ဒေါ်ခိုင်သဇင်တို့၏ ချစ်လှစွာသော မိခင်၊ မောင်ကောင်းစစ်မင်း (Melvin)၊ မမြမှူးခိုင် (Gloria)၊ မဖူးသစ်ခိုင်(Glanda)တို့၏ ချစ်လှစွာသော ဘွားဘွား သည် ၁၆-၃-၂၀၂၆ရက် နံနက် ၆:၀၈နာရီတွင် ရွှေဂုံတိုင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်းဒါယကာကြီး

**ဦးအောင်စိန်**

**အသက်(၇၇)နှစ်**

မန္တလေးမြို့၊ (၄၂) လမ်း၊ ၈၀ x ၈၁ ကြား၊ ဦးပိုင်(၂၁)၊ အကွက် (၈၃၈)၊ မြောက်ရွာသစ်ရပ်ကွက်နေ (ရှိဝင်ခွေ-လီယျိုရှူး) တို့၏ တတိယမြောက်သား၊ ဒေါ်ရီရီ ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဉာဏ်လင်းအောင် - မဝေမီကို၊ ကိုစိုးဝင်းအောင် - မဝတ်ရည်နွေး တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသုယွန်းပန်းချီလင်း၊ အိမ့်ဖူးပန်းချီလင်း၊ မောင်သားထူးပြည့်မြင့်မြတ်ဝင်း၊ မနှင်းဝတ်ရည်ဝင်းတို့၏ အဘိုး သည် ၁၆-၃-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၈-၃-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးခန်းမှ ရေဝေးဖုကျန့်တရုတ်သုသာန်၌ ကောင်းမွန်စွာ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများနံနက် ၁၀:၃၀ နာရီ ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၂၆ရက် (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြတ်စွာဘုရားအမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေလိုပါသောကြောင့် ရွှေပြည်သာမြို့နယ်၊ ဇုန်(၄)၊ ပန်းတဉ်ဝန်ဦးရွှေဘင်လမ်း၊ (၉၆-က) နေ(ဦးအောင်စိန်)-ဒေါ်ရီရီ တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်

တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ(ဘ) ဦးချစ်မောင်၏ သမီး ဒေါ်စိန်စိန် ၉/တကန(နိုင်) ၀၀၅၄၀၆ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း -09-43142338**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးရန်ဟွာကျင်း၏ သမီး မရန်ကျီယွီး(ခ)မရန်ဆွယ်ရိန် ၁၃/လရန(နိုင်) ၂၁၈၈၄၆၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၆၅၁၁၀၂၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ်(မရှိ) ဟုခေါ်တွင်သော အကျယ်အဝန်း (၃၀x ၂၁) ပေရှိ မြေကွက်နှင့်နေအိမ်ကို အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးကျော်သူ (၁၄/ပသန(နိုင်)၁၈၆၉၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းလင်း(၁၁/မပတ(နိုင်)၀၇၈၅၆၆)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ထွန်းလင်း(၁၁/မပတ(နိုင်)၀၇၈၅၆၆)၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသဲမောင်ကြည် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊စံပယ်လမ်း၊(၃/က)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၅၇၆၈၉၄၄၊ ၀၉-၄၄၀၂၆၇၉၈၁**

## အများသိရှိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြောင်းမြ(၂) လမ်း၊ မြေကွက်အမှတ်(၅၀၈) အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးအောင်ကျော်မိုး(၁၂/ရပသ(နိုင်)၀၀၈၆၄၇) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်အား အမည်ပေါက်ဆီမှ တိုက်ရိုက်ဝယ်ယူထားရှိပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ကမ်းလှမ်းရာ ကျွန်တော် ဦးမြင့်ဦး (၁၂/လယရ (နိုင်)၀၀၆၈၈၉) က ဝယ်ယူရန် သဘောတူသည့်အလျောက် ၎င်းမြေကွက်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူများက ကန့်ကွက်လိုလျှင် ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးမြင့်ဦး ၁၂/လယန(နိုင်)၀၀၆၈၈၉**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး အလှူဒါယကာကြီး

**ဦးဆိုက်ကျင်**

**သက်ကြီးကန်တော့ခံ(သတင်းစာဆရာကြီး)**

**အသက်(၁၀၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အိမ်အမှတ်(၁)၊ ဓမ္မစေတီလမ်းမကြီး၊ (၁၁)ရပ်ကွက်နေ(ဒေါ်လေးချို)၏ ခင်ပွန်း၊ (ဦးမြင့်စိုး)-ဒေါ်ရီရီသက်၊ ဦးကြည်စိုးလွင်-ဒေါ်စုစုအေး၊ (ဦးမြင့်အောင်)-ဒေါ်နွယ်နီကျင်၊ (ဦးအောင်ညွန့်)-ဒေါ်နီနီဝင်း၊ ဦးညီညီလွင်-ဒေါ်မိုးစန္ဒာခင်၊ (ဦးမြင့်လွင်)-ဒေါ်ခင်နှင်းကြည်တို့၏ဖခင်၊ မြေး (၁၀) ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီး ဦးဆိုက်ကျင် သည် ၁၆-၃-၂၀၂၆ ရက်(တနင်္လာနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဥက္ကံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

**ဦးဆိုက်ကျင်**

**မြို့မကျောင်းသားဟောင်း ( သက်ကြီးကန်တော့ခံပုဂ္ဂိုလ် )**

**အသက်(၁၀၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့၊ အမှတ် ( ၁၁ ) ရပ်ကွက်၊ ဓမ္မစေတီလမ်းနေ ( ဒေါ်လေးချို )၏ခင်ပွန်းသည် ၁၆-၃-၂၀၂၆ ရက် ( တနင်္လာနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပြီး ၁၈-၃-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း ၊ အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ မာန်အောင်မြောက်အကွက်၊ ဦးပိုင်အမှတ်(၂/၁၁၀)၊ မြေဧရိယာ (၀.၀၆၆)ဧကရှိ မြေကွက်အား ဒေါ်ခင်ထွေးရီ(ခ)ကြောင်မိကြောင်သည် ဦးမင်းစောလွင်၏ဇနီးဖြစ်သူ ဒေါ်ခင်လှထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (1A) အမည်ပြောင်း လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ထွေးရီ(ခ)ကြောင်မိကြောင် (၃/ဘအန(နိုင်)၀၂၀၈၉၉)**
**အ.ထ.က(၁)ကျောင်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့**

## ကြော်ငြာစာ

ရှမ်းပြည်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ အေးသာယာမြို့နယ်၊အကွက်အမှတ် -၃၅၊ အကွက်အမည် -ဈေးကွက်၊ မြေကွက်အမှတ် - (၁၁၀)၊ ဧရိယာ (၀ဒသမ၁၂၄)၊ စတုရန်းပေ (၅၄၀၁) ပေ၊ မြေအမျိုးအစား - (H) ဦးပိုင် အမည်ပေါက်ဖြစ်သူ ဦးမင်းနိုင်အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေအပြည့်အဝအား ပေးချေဝယ်ယူခဲ့ပြီးနောက် သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် ကျွန်ုပ်မိတ်ဆွေအမည်ပေါက်ရရှိရေးလိုက်လံဆောင်ရွက်ပေးရန် အကြိမ်ကြိမ်ပျက်ကွက်ခြင်းဖြင့် ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့နှစ်ဦးသဘောတူညီချက်များအား ဖောက်ဖျက်နေသည်ဖြစ်၍ ယနေ့ကြော်ငြာစာပါသည့်ရက်မှ (၁) ပတ် (၇) ရက်အတွင်း လိုက်လံဆောင်ရွက်ပေးရန်နှင့် လိုက်လံဆောင်ရွက် ပေးရန် ပျက်ကွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက် အရေးဆို ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်နန်းသက်သက်ဝေ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၃၇)**
**တိုက် (၇)၊ ပထမထပ်၊ ရွှေတောင်ကြား-၅လမ်း၊ ကံကြီးရပ်ကွက်၊**
**တောင်ကြီးမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ မြေတိုင်းအမှတ်-(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၄၁(က) ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၂၀x၆၀) ရှိသော ခြံမြေအနက်(ခေါင်းရင်းခြမ်း) အကျယ်အဝန်းပေ (၁၀x၆၀)ရှိသောခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမောင်ကံအမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အိကေခိုင်(၇/မညန(နိုင်)၁၃၀၄၆၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မင်းနိုင်(၁၂/အလန(နိုင်)၀၄၄၂၉၁)က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးတင်မင်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုဝင်းမာ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၀၉၃၃၅၇**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်အလယ်လမ်း၊ အမှတ်(၂၅၂)၊ တွင် တည်ဆောက်ထားသည့်(၂)ခန်းတွဲ(၄)ထပ်တိုက်အနက်မှ (၁၅x၄၅)ပေအကျယ်ရှိ တတိယထပ်(၄-လွှာ) (ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်နေသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူဖြစ်သော ဦးဇော်မင်းထွန်း (၁၁/သတန(နိုင်)၁၁၁၉၆၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဌေး(၁၂/အစန(နိုင်)၁၁၉၈၃၅)သည် တရားဝင်အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ် ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သန်းသန်းဌေး(၁၂/အစန(နိုင်)၁၁၉၈၃၅)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြနှင်းယု(LLB,D.B.L,D.M.L) အထက်တန်းရှေ့နေ(စဉ်-၃၃၄၈၀)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပ-ထပ်၊ မြို့ပြအိမ်ရာ(တောင်)၊ (၆)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၇၆၇၁၉၆၂၉၅**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးသန့်ဇင်**

**အသက်(၉၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာမွန်(၁)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ (ဈ/၂၇၀) နေ ဒေါ်အုန်းကြည် ၏ ခင်ပွန်း၊ ဦးဝေဖြိုး - ဒေါ်နန်းဖြူဖြူသန့်၊ ဦးစိုင်းဇော်မိုးသန့်-ဒေါ်ဆွေဆွေတင့် (ရွှေသစ်ဦးကုမ္ပဏီ)၊ဒေါ်နန်းနီနီသန့်၊ ဦးစိုင်းထွန်းထွန်း-ဒေါ်နန်းထိုက်ထိုက်အောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး (၆) ယောက်တို့၏ အဘိုး၊ တောကျွဲအင်းမြို့နေ(ဦးဩ-ဒေါ်ရွှေအိမ်)တို့၏ သားကြီးသည် (၁၆-၃-၂၀၂၆) ရက်(တနင်္လာနေ့)နံနက် (၅:၅၀)နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၁၈-၃-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀) နာရီတွင် ရေဝေးသုသာန်ခန်းမ(၁)တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းစသောဒါနဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှဝေမည်ဖြစ်ပါသဖြင့် (၂၂-၃-၂၀၂၆)ရက် (တနင်္ဂနွေနေ့) နံနက်(၇:၀၀)နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၀)၊ ကျောက္ကာလမ်း၊ မြေကွက်အမှတ် (၉၇၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်အင် (၁၃/နခန (နိုင်) ၀၃၅၆၆၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အင်ထံမှ ကျွန်တော် ဦးစိုးလင်း (၁၂/ကတတ (နိုင်) ၀၂၆၈၄၉)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ဦးစိုးလင်း (၁၂/ကတတ (နိုင်) ၀၂၆၈၄၉)**
**၀၉ ၄၂၀ ၀၇၉ ၅၅၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ် (၇)၊ ရတနာသီရိလမ်း၊ မြေကွက်အမှတ်(၉၄/ခ)ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်တွင် ဦးဌေးဝင်း(၁၂/မရက(နိုင်)၀၇၂၄၄၆) အမည်ပေါက်ပိုင် အလျားပေ (၂၀)၊ အနံပေ (၆၀)၊ ဧရိယာ (၁၂၀၀စတုရန်းပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေမီးအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဂရန်အမည်ပေါက် ဦးဌေးဝင်း(၁၂/မရက(နိုင်)၀၇၂၄၄၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးညီညီခင်(၇/တငန(နိုင်)၀၀၉၈၅၆)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီခင် လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာမြင့် (LLB,D.B.L) . တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**
**အမှတ်(၈၉၉)၊မဟာဗန္ဓုလလမ်း၊(၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၉၇၂၃၀၉၈၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ်(၂၈၀၅+၂၈၀၈) ဟုခေါ်တွင်သော မြေအလျား x အနံ (၈၀ x ၆၀)ပေရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လှဝင်းနွယ်(BHN-၀၁၉၅၅၁) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမြတ်ဆွေ (၉/မမန(နိုင်)၀၀၀၅၀၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်ဦး (၁၂/ဥကတ(နိုင်)၀၁၃၉၂၈) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉- ၉၇၃၀၀၂၁၁၇

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/2691 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/8511 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/87419, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁၄/ဟသတ(နိုင်)၃၁၉၀၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၂၈၅၃၅, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်သန်း ၁၃/ကတန(နိုင်)၀၅၉၈၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## အမည်မှန်

(ဘ)ဦးကျော်ကျော်ဦး၏ သမီး မိုင်းဆတ်မြို့၊ အထက(ခွဲ၊ လ-၂) Grade-6 ဖြေဆိုထားသော မနန္ဒီကျော်၏ အမည်မှန်မှာ မနဒီကျော် ဖြစ်ပါကြောင်း။

**မနဒီကျော်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၂-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 20W/2831 အစား 20W/12831 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

❖ **ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးနိုင် . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့စာမေးပွဲဖြေဆိုမှုပဉ္စမနေ့တွင် သက်ဆိုင်ရာဘာသာရပ်များဖြစ်သည့် ရူပဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်၊ စက်မှုအတတ်ပညာ (မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ)၊ စိုက်ပျိုးရေးအတတ်ပညာ (သီးနှံကာကွယ်ရေး)နှင့် မွေးမြူရေးအတတ်ပညာ (ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး) ဘာသာရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများက စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုကြရာတွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနအပါအဝင် စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု၌ ဝင်ရောက်ဖြေဆိုသူစုစုပေါင်း ၂၅၄၆၄၉ ဦး (၉၄ ဒသမ ၇၅ ရာခိုင်နှုန်း) ဖြင့် လည်းကောင်း၊ စက်မှုအတတ်ပညာ (မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ)၊ စိုက်ပျိုးရေးအတတ်ပညာ (သီးနှံကာကွယ်ရေး)နှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ❑



အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပုသိမ်မြို့၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ် ဖြေဆိုပြီး တွေ့ရစဉ်။

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၆

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ

*စာမျက်နှာ ၂၀ ကော်လံ ၁* ❖



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



## မန်ယူက အက်စ်တွန်ဗီလာကို ဂိုးပြတ်အနိုင်ယူပြီး အဆင့် (၃) နေရာ တက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ် (၃၀) တွင် မိုက်ကယ်ကာရစ်၏ မန်ယူအသင်းက အူနိုင်းအမ်မရီ၏ အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်နိုင်ပွဲဖော်ဆောင်ပြီး အမှတ်ပေးဇယားအဆင့် (၃) နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်ကို မတ် ၁၅ ရက် ညပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အပြိုင်အဆိုင်ဖြစ်နေသည့် အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်သောကြောင့် ပွဲစတင်သည်နှင့်တစ်ပြိုင်နက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိပြီး ပွဲချိန်ပြည့်သည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ○


**ယနေ့ မာတိကာ**

**ဟော်မုဇ်ရေလက်ကြားရှိ ဂျပန်နှင့်ဆက်နွှယ်လျက်ရှိသော သင်္ဘောများ ဘေးအန္တရာယ်ကင်းရှင်းရေး စဉ်းစားဆုံးဖြတ်လျက်ရှိသည်ဟု ဂျပန်ဝန်ကြီးချုပ်ပြော** စာ ၁၄

**၂၀၂၆ ခုနှစ် မတ်လအတွင်း (၁-၃-၂၀၂၆ ရက်နေ့မှ ၁၅-၃-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်** စာ ၁၉